မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၄ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၇၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာ လီခချန်၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဇူလိုင် ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာ လီခချန်၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ မွန်းလွဲ ၂နာရီတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ *စာမျက်နှာ ၃ ကော်လံ ၅* ❍

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

4-7 (01).pmd 1 7/4/2010, 2:51 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၄ ရက်)

အနာဂတ်နိုင်ငံတော်အတွက် မျိုးဆက်သစ်များ ပြုစုပျိုးထောင်

နိုင်ငံတော်အစိုးရသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသအလိုက် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။ ခေတ်မီပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ သုတေသနဌာနများ၊ ကွန်ပျူတာကွန်ရက်စနစ်များ၊ အီလက်ထရွန်နစ်စနစ်များကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်ထူထောင်ပေးထားပြီး ဖြစ်သည်။

အီလက်ထရွန်နစ် နည်းပညာများကို အသုံးချခြင်းဖြင့် မြို့ပြနှင့်ကျေးလက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ညီညီမျှမျှ ဖြစ်ပေါ်လာစေရေးအတွက် နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသရှိ စာသင်ကျောင်းများတွင် မာလ်တီမီဒီယာစာသင်ခန်းများ ဖွဲ့စည်းဖွင့်လှစ်ပေးခဲ့သည်။

အနာဂတ် နိုင်ငံတော်ကို ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များဖြင့် တည်ဆောက်နိုင်ရေးအတွက် ဖော်ဆောင်ရာတွင် အခြေခံအကျဆုံးကဏ္ဍမှ ပန္နက်ချပုံဖော်နေကြသည့် ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများကို ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ၊ နိုင်ငံတော်ကို အလုပ်အကျွေးပြုသွားကြမည့် အရည်အသွေး အရည်အချင်းပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ပေါ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးသွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အဆင့်ဆင့် ဖော်ဆောင်လျက်ရှိသည်။ ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော်မှုများကို အခြေခံပညာအဆင့်အလိုက် မိမိတို့၏ သင်ကြားမှုအရည်အသွေးများ ပြည့်ဝစေရေး ကြိုးပမ်းစွမ်းဆောင်သွားကြရမည့် ဆရာဆရာမများသည် အမျိုးသားရေးအမြင်၊ လူမှုရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များ လေ့လာသွားကြရမည် ဖြစ်သည်။

အနာဂတ် နိုင်ငံတော်အတွက် မျိုးဆက်သစ်များကို ပြုစုပျိုးထောင် ပုံဖော်ပေးမည့် ဆရာ ဆရာမများသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို လျှောက်လှမ်းရာတွင် ရည်မှန်းချက်ပန်းတိုင်ရောက်သည်အထိ ကျရာအခန်းကဏ္ဍမှ နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၇-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **လူသုံးမျိုး** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာ ကိတ္တိသာရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ဗီဒီယိုပြခန်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၃၆)
- ၈:၃၀ ရွှေမြိုင်ဆန်တန်းမှ ဓမ္မပန်းကလေးများ
- ၈:၄၅ Activities in the City - Nexus ဆိုသည်မှာ -အနုပညာမိသားစုများနှင့် ကိုလူချောတို့အဖွဲ့
- ၉:၁၅ အသုံးဝင်မှုများစွာနဲ့ ရေကြောင်းသုံး GPS
- ၉:၃၅ Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊ ခင်မောင်ညို (ဘောဂဗေဒ)၊ မျိုးမြတ်သူ]
- ၁၀:၄၀ အနာဂတ်ပန်းတိုင်ဆီသို့
- ၁၀:၅၅ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၁:၀၀ ရန်ကုန်မြင်ကွင်းကျယ် (Life & Dance သင်တန်းဖွင့်ပွဲ အခမ်းအနား)
- ၁၁:၂၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၇) [ရုပ်ရှင်တေး-အတွဲ(၂)]
- ၁၁:၅၅ ဈေးဝယ်လမ်းညွှန် (Bloom)
- ၁၂:၁၅ စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်း ကင်ဆာစကားဝိုင်း (ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ)
- ၁၂:၄၀ ဝါခင်းကုန်း၏ ပန်းမွေ့ရာခင်းပွဲတော်
- ၁:၀၀ **လူသုံးမျိုး** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာ ကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (Selection အပိုင်း-၁)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၆)
- ၄:၂၀ Activities in the City - Nexus ဆိုသည်မှာ -အနုပညာမိသားစုများနှင့် ကိုလူချောတို့အဖွဲ့
- ၄:၅၀ ရွှေမြိုင်ဆန်တန်းမှ ဓမ္မပန်းကလေးများ
- ၅:၁၀ အနာဂတ်ပန်းတိုင်ဆီသို့
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်မိုးခိုင်)
- ၆:၅၀ ဗီဒီယိုပြခန်း
- ၇:၀၅ ဈေးဝယ်လမ်းညွှန် (Bloom)
- ၇:၃၀ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (Selection အပိုင်း-၁)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၆)
- ၁၀:၀၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၇) [ရုပ်ရှင်တေး-အတွဲ(၂)]
- ၁၀:၃၀ Sports World (Sunday Special)
- ၁၀:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Life & Dance သင်တန်းဖွင့်ပွဲ အခမ်းအနား)
- ၁၁:၁၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်မိုးခိုင်)
- ၁၁:၄၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သုတအလင်းစာကြည့်တိုက် အဆောက်အအုံသစ် တွံတေးမြို့နယ်၌ဖွင့်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ္တို(မ)ကျေးရွာသုတအလင်း ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂ရက် နံနက် ၇နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးသက်ဦး၊ ဘုရားငုတ္တို(မ)ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စံသာ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးသက်ဦးတို့က စံ(၅)ရပ်နှင့်ညီပြီး စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြီးနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ်စာစောင်မျိုးစုံနှင့် ရုပ်မြင်သံကြားစက်ဖြင့်... ရုပ်မိရုပ်ဖဦးငွေသောင်းက စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံး ပေးအပ်လှူဒါန်းသည်။

စာကြည့်တိုက်မှာ အလျားပေ ၂၀၊ အနံ ၁၈ပေရှိ အုတ်ကာ၊ သွပ်မိုးဖြစ်ပြီး တန်ဖိုးငွေကျပ် သိန်း ၂၀အကုန်အကျခံ ဆောက်လုပ်ထားသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးဝင်းအတွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၃

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၇နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးဝင်းအတွင်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများနှင့် ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

သစ်ပင်စိုက်ပျိုးပွဲတွင် ဗဟိုအလုပ်အမှုဆောင်များက သတ်မှတ်နေရာများ၌ အထိမ်းအမှတ် သရက်ပင်များကို စိုက်ပျိုးပေးကြပြီး တာဝန်ရှိသူများက အသင်းရုံးဝန်ထမ်းများ၏ မိုးရာသီသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သောက်ရေကန်တူးဖော်

ပဲခူးတိုင်း သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် ကျေးလက်ရေပေးရေးလုပ်ငန်းများအနက် ရေကျော်ကျေးရွာအတွင်း သုံးဧကအကျယ်ရှိ ဒီလုံးသောက်သုံးရေကန် ပြန်လည်တူးဖော်နေမှုကို ဇွန် ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ပုလုံးတုံးတုံးတံတားကြံ့ခိုင်မှုစစ်ဆေး ကော့သောင်းမြို့နယ်၌ ဆီအုန်းနှင့်ရော်ဘာစိုက်ခင်းများကြည့်ရှု

နေပြည်တော် ဇူလိုင် ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၂ရက်တွင် ကော့သောင်းမြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပျိုးပင်ကို စိုက်ပျိုးပေးသည်။

ပေးအပ်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က လူမှုရေးအသင်းအဖွဲ့များအား ပျဉ်းကတိုး ပျိုးပင်များကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးက လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ပျိုးပင်များကို ပေးအပ်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က ပျဉ်းကတိုး ပျိုးပင်ကို သတ်မှတ်နေရာတွင် စိုက်ပျိုးပေးသည်။ **(ယာပုံ)**

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၏ ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့နှင့် ပုလုံးတုံးတုံး ကျေးရွာတို့ကို ဆက်သွယ်ထားသည့် ပုလုံးတုံးတုံး တံတား ကြံ့ခိုင်မှုအခြေအနေကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ပုလုံးတုံးတုံးကမ်းခြေ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြကြသည်။

ခင်းကျင်းပြသ

ထိုမှတစ်ဆင့် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအနီး မိုးစပါးထွန်ယက်စိုက်ပျိုးသည့်နေရာသို့ ရောက်ရှိပြီး ဆင်းသွယ်ရင် စပါးမျိုးအား စုပေါင်းစိုက်ပျိုးနေမှုနှင့် စုပေါင်းထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးကာ ရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသည့် မျိုးစပါးနမူနာများ၊ ရွက်ဖျန်းဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေး၊ အပင်ရောဂါ သတ်ဆေးနှင့် ဆေးဖျန်းကိရိယာများကိုကြည့်ရှုသည်။ ယင်းနောက် ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကော့သောင်းခရိုင်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကိုရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီး

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို မှာကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ကော့သောင်း - ခမောက်ကြီး လမ်းပိုင်း အခြေအနေများနှင့် လမ်းဘေးဝဲယာ တစ်လျှောက်ရှိ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ဆီအုန်းနှင့် ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

၂၀၁၂ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမများနှစ် ကြိုတင်ပြင်ဆင် နိုင်ငံနှင့်ဒေသအဆင့် နှီးနှောဖလှယ်ပွဲများ၊ ဆွေးနွေးပွဲများကျင်းပ

နေပြည်တော် ဇူလိုင် ၃

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ကျင်းပရေး ဦးစီးကော်မတီနာယက သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ် တက်ရောက်၍ အမှာစကားပြောကြားသည်။

ပါဝင်ဆင်နွှဲ

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ကျင်းပရေး ဦးစီးကော်မတီ နာယက သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ်က အမှာစကားပြောကြားရာ၌ ၁၉၉၄ခုနှစ်မှာ ကျင်းပသည့် (၄၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အရ ၁၉၉၅ခုနှစ်မှစ၍ နှစ်စဉ် ဇူလိုင်လ၏ ပထမ စနေနေ့တိုင်း အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံ အပါအဝင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် အဖွဲ့ဝင် နိုင်ငံအသီးသီးတွင် ကျင်းပခဲ့ကြောင်း၊ ၂၀၀၉ခုနှစ်တွင် ကျင်းပခဲ့သည့် (၆၄)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံက ၂၀၁၂ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သမဝါယမများနှစ်အဖြစ် သတ်မှတ်ထားကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အတွေ့အကြုံများဖလှယ်ခြင်း၊ အပြန်အလှန် လေ့လာရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ နိုင်ငံအဆင့်၊ ဒေသအဆင့်နှီးနှောဖလှယ်ပွဲများ၊ ဆွေးနွေးပွဲများကျင်းပပြီး ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမများနှစ်အတွက် ကြိုတင်ပြင်ဆင် ပါဝင်ဆင်နွှဲကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊

၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုသဝဏ်လွှာပါ **အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေး သမဝါယမများက တွန်းအားပေး** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သမဝါယမ မိသားစုဝင်များက သမဝါယမနည်းလမ်းဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်း အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်တင့်က အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ဆုချီးမြှင့်

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက သမဝါယမ ဒီဂရီကောလိပ်နှင့် သမဝါယမကောလိပ်များမှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပထမဆုရ ကျောင်းသား ကျောင်းသူ ၁၁ဦးနှင့် သမဝါယမဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းသားသမီးများအနက် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၅၄ဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

○ *ရှေ့ဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Wang Zhonying နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်လှမြင့် ဧရာဝတီတိုင်း ကော်မရှင်လုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်ခင်လှမြင့်သည် ဇွန်၂၄ရက်က ဧရာဝတီတိုင်းသို့ရောက်ရှိပြီး ဧရာဝတီတိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးထွန်းနှင့်အတူ ဆားမလောက်၊ ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်းမြို့နယ်များရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများသို့ ကွင်းဆင်းလျက် သက်ဆိုင်ရာခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်နှင့် ရပ်ကွက်နှင့်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လျာထားမဲရုံအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်ခွဲအသီးသီးလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို မှာကြားသည်။

ယင်းနောက် နမူနာဆောက်လုပ်ပြသထားသည့် မဲရုံများနှင့် မဲဆန္ဒပေးခြင်း သရုပ်ပြခြင်းကို လည်းကောင်း၊ မဲရုံများ ဆောက်လုပ်ရန် လျာထားသည့် အဆောက်အအုံများ၊ မဲရုံမြေနေရာကိုလည်းကောင်း လှည့်လည် စစ်ဆေးသည်။

ထိုမှတစ်ဆင့် ကျောင်းကုန်းမြို့မှ ပုသိမ်မြို့သို့ ဆက်လက်ထွက်ခွာပြီး ဧရာဝတီတိုင်းကော်မရှင် အဖွဲ့ခွဲဝင်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

ကော်မရှင်အဖွဲ့ဝင်သည် ဇွန်၂၅ရက်က ပုသိမ်မြို့ပေါ်မှ ရပ်ကွက်များရှိ မဲရုံ ဆောက်လုပ်မည့် အဆောက်အအုံများ၊ မဲရုံမြေနေရာများ၊ နမူနာမဲရုံများ၊ မဲဆန္ဒပေးမှု သရုပ်ပြပွဲများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လျာထားမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များနှင့် လည်းကောင်း၊ ငပုတောမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်လည်းကောင်း တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာကော်မရှင် လုပ်ငန်းများကို ဆွေးနွေးသည်။

ထို့နောက် တိုင်းကော်မရှင်အဖွဲ့ခွဲဝင်များနှင့် အစည်းအဝေးကျင်းပပြီး ဆွေးနွေးတင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေး

ကော်မရှင်အဖွဲ့ဝင်သည် ဧရာဝတီတိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ လိုက်ပါလျက် ဇွန်၂၆ရက်နှင့် ၂၇ရက်တို့တွင် သာပေါင်း၊ အိမ်မဲနှင့် မြောင်းမြမြို့နယ်တို့သို့ သွားရောက်၍ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဝါးခယ်မမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်လုပ်ငန်းများကိုဆွေးနွေးကာ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်သည်။

ယင်းနောက် လပွတ္တာမြို့သို့ သွားရောက်၍ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လျာထားမဲရုံ အဖွဲ့ဝင်များနှင့် မော်လမြိုင်ကျွန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ဆွေးနွေးပြီး ခရိုင်၊ မြို့နယ်၊ ကော်မရှင်အဖွဲ့ခွဲများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ထို့နောက် လပွတ္တာမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများ၏ မဲရုံတည်နေရာ၊ မဲရုံအဖြစ် အသုံးပြုမည့် အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေး ရွေးချယ်ပေးသည်။

မှာကြား

ကော်မရှင်အဖွဲ့ဝင်သည် ဇွန် ၂၈ရက်တွင် လပွတ္တာမှ မြောင်းမြ၊ ရေကြည်၊ ကျုံပျော်မြို့များသို့ သွားရောက်၍ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဟင်္သာတသို့ သွားရောက်ကာ ဇွန်၂၉ရက်တွင် ဟင်္သာတ၊ လေးမျက်နှာ၊ အင်္ဂပူ၊ မြန်အောင်၊ ကံခြင်းမြို့များ၊ ဇွန် ၃၀ရက်တွင် ဟင်္သာတ၊ ဇလွန်၊ ဓနုဖြူ၊ မအူပင်မြို့များ၊ ဇူလိုင် ၁ရက်တွင် မအူပင်၊ ကျိုက်လတ်၊ ဘိုကလေးမြို့များ၊ ဇူလိုင် ၂ရက်တွင် ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ မြို့များသို့ သွားရောက်ပြီး ကော်မရှင်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသက်(၁၈)နှစ်အောက်(အမျိုးသား) ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၃

အားကစားဝန်ကြီးဌာန အရှေ့တောင်အာရှ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် အရှေ့တောင်အာရှ အသက်(၁၈)နှစ်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲကို ဇူလိုင်၅ရက်မှ ၉ရက်အထိ ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ နေ့စဉ်နံနက်၉နာရီမှစတင်၍ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်မည်

ဇူလိုင် ၅ရက် ပထမနေ့ပွဲစဉ်အဖြစ် ပွဲစဉ်(၁)မြန်မာအသင်းနှင့် လာအိုအသင်း၊ ပွဲစဉ်(၂) မလေးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ပွဲစဉ်(၃) ထိုင်းအသင်းနှင့် စင်ကာပူအသင်း၊ ဇူလိုင်၆ရက် ဒုတိယနေ့ ပွဲစဉ်အဖြစ် ပွဲစဉ်(၁)ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်း၊ ပွဲစဉ်(၂) စင်ကာပူအသင်းနှင့် မလေးရှားအသင်း၊ ပွဲစဉ်(၃) လာအိုအသင်းနှင့် ထိုင်းအသင်း၊ ဇူလိုင်၇ရက် တတိယနေ့ ပွဲစဉ်အဖြစ် ပွဲစဉ်(၁) စင်ကာပူအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ပွဲစဉ်(၂) မြန်မာအသင်းနှင့် ထိုင်းအသင်း၊ ပွဲစဉ်(၃) မလေးရှားအသင်းနှင့် လာအိုအသင်း၊ ဇူလိုင်၈ရက် စတုတ္ထနေ့ ပွဲစဉ်အဖြစ် ပွဲစဉ်(၁)မြန်မာအသင်းနှင့် စင်ကာပူအသင်း၊ ပွဲစဉ်(၂) ထိုင်းအသင်းနှင့် မလေးရှားအသင်း၊ ပွဲစဉ်(၃) ဖိလစ်ပိုင်အသင်းနှင့် လာအိုအသင်း၊ ဇူလိုင်၉ရက် ပဉ္စမနေ့ပွဲစဉ်အဖြစ် ပွဲစဉ်(၁) စင်ကာပူအသင်းနှင့် လာအိုအသင်း၊ ပွဲစဉ်(၂) မလေးရှားအသင်းနှင့် မြန်မာအသင်း၊ ပွဲစဉ်(၃) ဖိလစ်ပိုင်အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစ္စရေး လူနေရပ်ကွက်တိုးချဲ့မှု ရပ်ဆိုင်းရန် ဘန်ကီမွန်း ပြောကြား

ဂျီနီဗာ ဇူလိုင် ၃

အယ်ကွတ်(ဂျေရုဆလင်)အပါအဝင် အသိမ်းပိုက်ခံနယ်မြေများနှင့် အစ္စရေးတို့က လူနေရပ်ကွက်တိုးချဲ့ခြင်းဖြင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်နေခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားလိုက်သည်။

ရပ်ဆိုင်း

မြို့တွင်းရှိ ပါလက်စတိုင်းများအား ခွဲခြားဆောင်ရွက်နေသမျှ အစ္စရေးအိမ်ရာဆောက်လုပ်မှုရပ်ဆိုင်းရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇူလိုင် ၂ရက်တွင် ပြောကြားသည်။

တိုးချဲ့ဆောင်ရွက်

နိုင်ငံတကာဥပဒေများကိုချိုးဖောက်ကာ အနောက်ဘက်ကမ်း၌လည်း အစ္စရေးအိမ်ရာများ ဆက်လက်၍ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ထောက်ပြလိုက်သည်။ **(အင်တာနက်)**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်း

တောင်ကိုရီးယားလေဆိပ်များ စစ်ဆေးရေးစက်များသုံးမည်

ဆိုးလ် ဇူလိုင် ၃

လေယာဉ်စီးခရီးသည်၏ တစ်ကိုယ်လုံး စစ်ဆေးရှာဖွေသည့် စက်များကို တောင်ကိုရီးယားနိုင်ငံရှိ အထင်ကရလေဆိပ်များတွင် တပ်ဆင်ထားလျက်ရှိရာ ဇူလိုင်လ နှောင်းပိုင်းမှစ၍ ယင်းစက်များကို စတင်အသုံးပြုတော့မည်ဖြစ်သည်ဟု ဇူလိုင် ၂ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

လေဆိပ်လေးခု

ဗြိတိန်နှင့် အမေရိကန်ကုမ္ပဏီများထံမှ မှာယူသည့် စက်ခြောက်လုံးကို အင်ချီယွန်၊ ဂင်ပို၊ ဂင်ဟေနှင့် ဂျီဂျူစသည့် လေဆိပ်လေးခုတွင် တပ်ဆင်ထားသည်ဟု မြေပြင်သယ်ယူပို့ဆောင်ရေးနှင့် ရေကြောင်းဌာနဆိုင်ရာဝန်ကြီးဌာနက ပြောကြားသည်။

အသုံးပြု

အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျပန်အပါအဝင် ခေတ်မီနိုင်ငံအများစုသည် လေဆိပ်အကြမ်းဖက်တိုက်ခိုက်မှု ကာကွယ်ရေး အစီအစဉ်အဖြစ် ထိုစနစ်ကို အသုံးပြုနေကြသည်ဟု အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။ ***(အင်တာနက်)***

ရေနံယိုဖိတ်မှုပြဿနာ ဒေသတွင်းအကြီးမားဆုံး အန္တရာယ်ဖြစ်လာ

နယူးယောက် ဇူလိုင် ၃

မက္ကဆီကိုပင်လယ်ကွေ့အတွင်း ရေနံအကြီးအကျယ်ယိုဖိတ်မှုသည် ပင်လယ်ကွေ့ဒေသ၏သမိုင်းတွင် အဆိုးရွားဆုံးသော အန္တရာယ်တစ်ရပ်ဖြစ်ပြီး ယိုဖိတ်သည့် ရေနံပမာဏသည် ဂါလန်သန်း ၁၄၀ကျော်ရှိကြောင်း အင်တာနက်သတင်း၌ ဇူလိုင် ၂ရက်က ဖော်ပြသည်။

ယိုဖိတ်သည့် ရေနံစိမ်းပမာဏသည် ဇွန် ၂၅ရက်အထိ ဂါလန်သန်း ၁၄၀ကျော်သွားကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။ ယင်းပမာဏသည် ပင်လယ်ကွေ့ဒေသတွင် ၁၉၇၉ ခုနှစ်ကဖြစ်ပွားခဲ့သည့် အစ်ရှ်တွက်ရေနံယိုဖိတ်မှုပမာဏထက် ဆိုးရွားသည်ဟု သိရသည်။ ရေနံယိုဖိတ်မှုကြီးထွားလာမှုသည် အရေးပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဘီပီကုမ္ပဏီက ယိုဖိတ်သည့်ရေနံများအတွက် ဒဏ်တပ်ခံရမည်ဖြစ်ကြောင်း တက္ကဆပ်အေအင်န်အမ်တက္ကသိုလ်မှ ညွှန်ကြားရေးမှူး မက်ကင်နေက ပြောကြားသည်။ **(အင်တာနက်)**

ရေနံယိုဖိတ်မှုဖြစ်ပွားရာ မက္ကဆီကို ပင်လယ်ကွေ့အတွင်း ပျံ့နှံ့နေသည့် ရေနံများကို ဆယ်ယူရန်အတွက် မစ္စစ္စပီမြစ်တစ်လျှောက် ရှင်းလင်းဆောင်ရွက်ရန် ဘီပီရေနံကုမ္ပဏီမှ ကမ္ဘာ့အကြီးဆုံးသင်္ဘော ဆိုက်ရောက်နေသည်ကို ဇူလိုင် ၂ရက်က တွေ့ရစဉ်။
(ဆင်ဟွာဓာတ်ပုံ)

ကာတာနိုင်ငံ ဒိုဟာမြို့၌ နိုင်ငံတကာစီးပွားရေးလုပ်ငန်း (ဘီအမ်အိုင်)ပြပွဲကျင်းပသည့် အဆောက်အအုံကို ဇူလိုင်၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)



နေတိုးအဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီးပက်ထရီယက် အာဖဂန်အရပ်သားများအား ကာကွယ်ရန်သန္နိဋ္ဌာန်ချထား

ဘရပ်ဆဲလ် ဇူလိုင် ၃

အာဖဂန်နစ္စတန်၌ နေတိုးအဖွဲ့၏အကြီးအကဲသစ်အဖြစ် ဗိုလ်ချုပ်ကြီးဒေးဗစ်ပက်ထရီယက် ခန့်အပ်ခံရပြီးချိန်တွင် အာဖဂန်အရပ်သားများအား ကာကွယ်ရန် သန္နိဋ္ဌာန်ချထားသည်ဟု ဇူလိုင် ၂ရက်၌ ပြောကြားသည်။

ဗိုလ်ချုပ်ကြီး ပက်ထရီယက်သည် ကဘူးလ်မြို့သို့မရောက်သေးမီ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ နေတိုးအဖွဲ့ချုပ်၌ နေတိုးအဖွဲ့နှင့် မဟာမိတ်များအား အထက်ပါအတိုင်းရှင်းလင်းပြောကြားသည်။အာဖဂန်နစ္စတန်ရှိ အရပ်သားများ သေဆုံးမှုမှ ကာကွယ်ရန်အတွက် ကန့်သတ်ထားသည့် အင်အားသုံးမှုအချို့ကို လက်ရှိစည်းမျဉ်းအတိုင်းပြောင်းလဲရန် အစီအစဉ် မရှိပါကြောင်း ဗိုလ်ချုပ်ကြီး ပက်ထရီယက်က ပြောကြားသည်။

သို့သော် အာဖဂန်နစ္စတန်၌ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်ရှိသည်ဆိုသော ဆန်းစစ်ဝေဖန်သူများ၏ ပြောကြားချက်အရ အဆိုပါစည်းမျဉ်းများ လက်တွေ့အသုံးချမှုကို လေ့လာသုံးသပ်မည်ဟုဆိုသည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်ကြီးပက်ထရီယက်အား ဇူလိုင် ၁ရက်က အဆိုပါ ရာထူးနေရာ ခန့်အပ်ခြင်းအပေါ် အမေရိကန်အထက်လွှတ်တော်က တညီတညွတ်တည်း အတည်ပြုလက်ခံကြသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ဟန်ဂန်သစ်တော၌ တောမီးလောင်ကျွမ်းခဲ့ရာ မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို ဇူလိုင်၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တိုယိုတာမော်တော်ကားနှစ်သိန်းကျော် ကမ္ဘာတစ်ဝန်းမှ ပြန်လည်ရုပ်သိမ်းမည်

တိုကျို ဇူလိုင် ၃

ကမ္ဘာတစ်ဝန်းရှိ တိုယိုတာမော်တော်ကားစီးရေ ၂၇၀၀၀၀ ကို ပြန်လည်ရုပ်သိမ်းလိမ့်မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထိုမော်တော်ကားများ၏ အင်ဂျင်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ဖြစ်သည်ဟု ဇူလိုင် ၂ရက်က အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အမျိုးအစား

ပြန်လည်ရုပ်သိမ်းမည့် တိုယိုတာကားအမျိုးအစားများတွင် ဇိမ်ခံကားပုံစံ ခုနစ်မျိုးပါဝင်ပြီး အချို့သောကားများမှာ ဗြိတိန်နိုင်ငံ၌ရှိသည့် ပေါ်ပြူလာတိုယိုတာ ခရောင်းကားအမျိုးအစားများ ပါဝင်သည်။

ထပ်မံဖြစ်ပေါ်

ယခုနှစ် အစောပိုင်းက တိုယိုတာမော်တော်ကားများ၏ လီဗာနှင့် ခြေနင်းဘရိတ်များ ချွတ်ယွင်းမှုကြောင့် မော်တော်ကားစီးရေ ရှစ်သန်းကျော်ကို ပြန်လည်ရုပ်သိမ်းခဲ့ရပြီးနောက် နောက်ဆုံးအရည်အသွေးထိန်းသိမ်းရေးပြဿနာများ ထပ်မံဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဒဏ်ကြေး

ယင်းတိုယိုတာမော်တော်ကားများ၏ လီဗာချွတ်ယွင်းမှုပြဿနာများကြောင့် အမေရိကန်ရှိ တိုယိုတာကုမ္ပဏီများအနေဖြင့် အမေရိကန်ဒေါ်လာ ၁၆ သန်း ဒဏ်ကြေးပေးလျော်ရသည်ဟု အဆိုပါသတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဘူလ်ဂေးရီးယား နေစွမ်းအင်သုံးစက်ရုံ တရုတ်ကုမ္ပဏီနှစ်ခု တည်ဆောက်

ဆိုဖီယာ ဇူလိုင် ၃

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့တောင်ပိုင်း ကီလိုမီတာ ၅၀အကွာရှိ အင်တီမန်မြို့၌ တရုတ်ကုမ္ပဏီနှစ်ခုက နေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်လျက်ရှိကြောင်း ဇူလိုင် ၂ရက်တွင် ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

တည်ဆောက်

အဆိုပါ ၂ မဂ္ဂါဝပ်ရှိ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို တရုတ်ကုမ္ပဏီနှင့် ပြည်နယ်အစိုးရတို့က သန့်စင်သည့် စွမ်းအင်စီမံကိန်းအဖြစ် အမေရိကန်ဒေါ်လာ ခုနစ်သန်း ရင်းနှီးမြှုပ်နှံပြီး ဩဂုတ်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်သည်။

တပ်ဆင်

ဘူလ်ဂေးရီးယား၌ တရုတ်နိုင်ငံမှ ပိုလာမိုတိုဗိုတစ်နှင့် ဝက်စ်ဂွမ်းကုမ္ပဏီတို့က တစ်နေ့လျှင် ဆိုလာပြား ၁၃၀၀ နှင့် ၁၅၀၀ အကြား တပ်ဆင်အသုံးပြုနိုင်မည် ဖြစ်သည်။
အမ်အင်န်အေ၊ဆင်ဟွာ

ဂါဇာကမ်းမြောင်၌ ထောက်ပံ့ရေးပစ္စည်းများ ကုလသမဂ္ဂဖြန့်ဖြူး

ဂျီနီဗာ ဇူလိုင် ၃

ဂါဇာကမ်းမြောင်သို့ ဦးတည်မောင်းနှင်သည့် တူရကီသင်္ဘောအုပ်စုမှ လူသားချင်းစာနာရေးအကူအညီ ပထမအသုတ် ထောက်ပံ့ရေးကုန်ပစ္စည်းများကို ကုလသမဂ္ဂက စတင်ဖြန့်ဖြူးနေကြောင်း ဇူလိုင် ၁ရက်က ပြောကြားသည်။ အဆိုပါ တူရကီသင်္ဘောအုပ်စုကို အစ္စရေးတပ်ဖွဲ့ဝင်များက မေလနှောင်းပိုင်းတွင် ကြားဖြတ်ဟန့်တားခဲ့သည်။

ဖော်ပြထား

ကုလသမဂ္ဂက အဆိုပါကုန်ပစ္စည်းများကို ရသင့်ရထိုက်သူများထံသို့ စတင်ဖြန့်ဖြူးသည့်လုပ်ငန်းကို လုပ်ဆောင်နေကြောင်း၊ ကျန်သင်္ဘောများ ဂါဇာကမ်းမြောင်သို့ လာမည့်ရက်သတ္တပတ်များအတွင်း လာဖွယ်ရှိကြောင်း ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေးရေတပ်မှ အထူးတပ်ဖွဲ့ဝင်များက တူရကီအကူအညီပေးရေး သင်္ဘောပေါ်သို့ မေ ၃၁ရက်တွင် တက်ရောက်ခဲ့ပြီး တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးခဲ့ပြီး ဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိခဲ့သည်။

(အင်တာနက်)



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ရုရှားတောင်ပိုင်း၌ ခရီးသည်တင်လေယာဉ်အရေးပေါ်ဆင်းသက်

ရုရှားနိုင်ငံတောင်ပိုင်း ရော့စ်တော့ဗ်အွန်ဒွန်းမြို့အနီးတွင် ဇူလိုင် ၃ရက်က ဘိုးရင်း-၇၃၇ ခရီးသည်တင်လေယာဉ်တစ်စင်း အင်ဂျင်ချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း၊ ၎င်းလေယာဉ်သည် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့မှ ပျံသန်းလာခြင်းဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုအနည်းငယ်သာဖြစ်ခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ဗင်နွာတူကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

ဗင်နွာတူနိုင်ငံကမ်းလွန်တွင် ဇူလိုင် ၃ရက်က ရစ်ချ်တာစကေး ၆ဒသမ၈ရှိသည့် အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း၊ သို့သော် ဗင်နွာတူကျွန်းနိုင်ငံ၏မြို့တော် ပို့စ်ဗီလာတွင် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားကြောင်း ဇူလိုင် ၃ရက်က သတင်းထုတ်ပြန်သည်။

အမေရိကန်အာကာသယာဉ်လွှတ်တင်မှု ရွှေ့ဆိုင်းထား

အမေရိကန်အာကာသယာဉ် လွှတ်တင်မှုများကို ၂၀၁၁ခုနှစ်အထိ ရွှေ့ဆိုင်းထားမည်ဖြစ်ကြောင်း၊ ယင်းအချိန်ထက်စောပြီး စေလွှတ်နိုင်မည်မဟုတ်ကြောင်း နာဆာအဖွဲ့က ဇူလိုင် ၃ရက်၌ သတင်းထုတ်ပြန်သည်။

မော်စကို အရှေ့ပိုင်း၌ မီးလောင်မှုဖြစ်ပွား

မော်စကိုမြို့အရှေ့ပိုင်းရှိ လူနေအဆောက်အအုံတစ်ခု ဇူလိုင် ၃ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ရှစ်ဦးဒဏ်ရာရရှိပြီး အဆောက်အအုံအစိတ်အပိုင်းများ မီးလောင်ကျွမ်းခဲ့ရကြောင်း မော်စကိုမီးသတ်တပ်ဖွဲ့က ပြောကြားသည်။

တောင်ကိုရီးယားနှင့် မက္ကဆီကို လွတ်လပ်စွာကုန်သွယ်မည်

တောင်ကိုရီးယားနှင့် မက္ကဆီကိုနှစ်နိုင်ငံတို့သည် လွတ်လပ်စွာကုန်သွယ်မှုပြုလုပ်ရန်နှင့် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်နှင့် မက္ကဆီကိုသမ္မတ ကာလ်ဒီရွန်တို့ ဇူလိုင် ၃ရက်က သဘောတူညီခဲ့ကြကြောင်း သတင်းထုတ်ပြန်သည်။

ကမ္ဘောဒီးယား၌ ဝမ်းရောဂါကြောင့် လူ၆၀သေဆုံး

ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်းတွင်ရှိ မြို့ပေါင်း ၂၀ခန့်တွင် ဝမ်းရောဂါများ ဖြစ်ပွားလျက်ရှိရာ လူ ၆၀ခန့် သေဆုံးသွားပြီဖြစ်ကြောင်း ကမ္ဘောဒီးယားကျန်းမာရေး အရာရှိများက ဇူလိုင် ၃ရက်၌ ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းအနည်းငယ်ကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ ဇူလိုင် ၃ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၀၉ဒသမ၄၂ဒေါ်လာ ရှိကြောင်း သတင်းထုတ်ပြန်သည်။

ဖနောင်ပင်မြို့၌ မိုးသည်းထန်ပြီးရေလွှမ်း

ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနောင်ပင်တွင် ဇူလိုင် ၃ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုနှင့်မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။ (အောက်ပုံ)

တူရကီ၌ မူးယစ်ဆေး ၁၇၁ဒသမ၇ကီလို သိမ်းဆည်းရမိ

တူရကီနိုင်ငံ အစ်လစ်ပြည်နယ်အရှေ့ပိုင်းတွင် ဇူလိုင် ၃ရက်က လူ ၁၁ဦးကို မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ဆက်စပ်ကာဖမ်းမိခဲ့ကြောင်း၊ ၎င်းတို့ထံမှ မူးယစ်ဆေးဝါး ၁၇၁ဒသမ၇ကီလို သိမ်းဆည်းရမိကြောင်း ပြောကြားသည်။

ဘုရင်ဟောင်းသီဟာနု ဆေးစစ်ရန် ပေကျင်းသို့ရောက်ရှိ

ကမ္ဘောဒီးယားဘုရင်ဟောင်းသီဟာနုနှင့် ၎င်း၏ဇနီးတို့သည် ပုံမှန်ဆေးစစ်မှုခံယူရန် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိနေကြောင်း ကမ္ဘောဒီးယားအရာရှိများက ဇူလိုင် ၃ရက်၌ ပြောကြားသည်။ (အင်တာနက်)

ရွှေဘိုမြို့နယ်တွင် နွေစပါးစံကွက်ရိတ်သိမ်း တစ်ဧက ၈၅ ဒသမ ၇တင်း ထွက်ရှိ

ရွှေဘို ဇူလိုင် ၃

ရွှေဘိုမြို့နယ်တွင် နွေစပါးဧက ၃၆၀၂၁၀ စိုက်ပျိုးထားရာ ၇၂ရက်သက်လျှင်စပါး စံကွက်ရိတ်သိမ်းပွဲကို ဇွန် ၁၀ရက် နံနက်၈နာရီက ရွှေဘိုမြို့နယ် တဂဏာန်းကျေးရွာ ကွင်းအမှတ် (၃၀၀၂) တောင်သူဦးကျော်ဝင်း၏ လယ်ကွင်း၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ရွှေနှင့်အဖွဲ့ဝင်များ၊ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်သန်းနှင့် ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ တဂဏာန်း၊ ဇီးတော၊ ရှားတော၊ ယင်းမာကျေးရွာများမှ စပါးစိုက်တောင်သူများ တက်ရောက်ကြပြီး နွေစပါးစံကွက်ရိတ်သိမ်းရာ၌ တစ်ဧက ၈၅ ဒသမ ၇တင်း ထွက်ရှိသည်။ (အောက်ပုံ)

မှာကြား

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လာမည့်မိုးစပါးကာလတွင် လျာထားချက်ပြည့်မီကျော်လွန်အောင်စိုက်ပျိုးရန်နှင့် အထွက်ကောင်းပြီး အရည်အသွေးပြည့်မီသည့် မျိုးကောင်းမျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးကြရန် မှာကြားသည်။

(ခရိုင် ပြန်/ဆက်)

ပတ်ဝန်းကျင်တည်တံ့သော စားနပ်ရိက္ခာဖူလုံရေးနှင့် အလုပ်ရုံဆွေးနွေးပွဲ ဘိုကလေးငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပ

ဘိုကလေး ဇူလိုင် ၃

ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေးအဖွဲ့(FAO)နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ပတ်ဝန်းကျင်တည်တံ့သော စားနပ်ရိက္ခာ ဖူလုံရေးအစီအစဉ်နှင့် လှေတည်ဆောက်မှုနည်းပညာတိုးမြှင့်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၁ရက် နံနက် ၉နာရီက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်ထွန်းက အမှာစကားပြောကြားပြီး (FAO)မှတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြသည်။ အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကျော်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများ၊ (FAO)မှတာဝန်ရှိသူများနှင့် သင်တန်းသား ၃၀တက် ရောက်ကြကြောင်း သိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပွဲတော် သရက်၌ကျင်းပ

သရက် ဇူလိုင် ၃

သရက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၁၉ရက် နံနက်က ဂေါက်ကွင်း၌ ကျင်းပသည်။

ပွဲတော်တွင် ခရိုင်ဥက္ကဋ္ဌ ဦးမြအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှလှမြွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီထွေးနိုင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စုစုပေါင်းအင်အား ၅၀၀ခန့် တက်ရောက်၍ ကျွန်းနှင့် ယူကလစ် အပင် ၁၀၀၀ကို စုပေါင်း စိုက်ပျိုးကြသည်။ (ဝဲပုံ) (ခရိုင် ပြန်/ဆက်)

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် မြန်မာ့ပန်ကြပ်ဆီးလတ် အဖွဲ့မှ ဦးကြည်ဝင်း(ရန်ကုန်တိုင်း)၊ ဦးတန်ဂွမ်း(ကချင်ပြည်နယ်)နှင့် ဒေါ်နော်ရီရီသန်း (ရန်ကုန်တိုင်း)တို့ မလေးရှားနိုင်ငံ ဆန်ဂ်တူရ်အာရီအပန်းဖြေစခန်း၌ ဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးအဆင့်(၃) သင်တန်းသို့တက်ရောက်ရန် ဇွန် ၂၈ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြစဉ်။

(သိုင်းအဖွဲ့ချုပ်)

ပညာရည်မြှင့်မားရေး ထပ်ဆင့်ဆွေးနွေး

ကျောက်မဲ ဇူလိုင် ၃

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ ၂၀၁၀ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး ခရိုင်အဆင့်ထပ်ဆင့်ဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၁၉ရက်က ကျောက်မဲမြို့ အထက(၂)ပတ္တမြားခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌဦးခင်မောင်လေးက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်နန်းမြင့်အေး၊ လားရှိုး အထက(၂)နှင့် အမက(၁၃) မူလွန်ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်နှင့် ဦးခင်မောင်မြင့်တို့က ၂၀၁၀ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲမှ အခြေခံပညာကဏ္ဍဆိုင်ရာအကြောင်းအရာများကို ထပ်ဆင့်ရှင်းလင်း ဟောပြောဆွေးနွေးကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

မိဘများဖြစ်ကြသော ဖခင်ဦးချစ်လှိုင်-မိခင်ဒေါ်အေးမြင့်တို့အား ရည်စူး၍ အမှတ် ၅ သာစုလမ်း ကြည့်မြင်တိုင်မြို့နယ်နေ သားသမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။

(သံဃာ့ဆေးရုံ)

ဒေသဖွံ့ဖြိုးအလုတိုး ဆင့်ဖြိုးဝေလျှံ ချောင်းမငယ် ရေလှောင်တမံ

သတင်းခရီးသည်-ကျော်စိန် ■ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) ■ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၃

ချောင်းမငယ် ရေလှောင်တမံ....။ စိတ်ဝင်စားစရာ ကောင်းသည့်အမည်။ ဒေသခံများပြုံးပျော်ရွှင်လန်းမှုကို ပေးစွမ်းနိုင်မည်ဖြစ်သော တမံ။ နေပြည်တော် လယ်ဝေးနှင့် ၁၂ မိုင် ကွာဝေးသော ချောင်းမငယ်ရေလှောင်တမံသို့ ဇွန် ၂၆ ရက်က မြန်မာ့အလင်းသတင်းအဖွဲ့ ခရီးထွက်ခဲ့သည်။ခရီးလမ်းတစ်လျှောက် မြို့ပြ၊ ကျေးလက်တို့ ဖွံ့ဖြိုးမှုမြင်ကွင်းများကို တွေ့ရသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၀၀မှ အနောက်ဘက်သို့သွားလျှင် ရှစ်မိုင်ခန့်ကွာဝေးသည့် ချောင်းမငယ်ရေလှောင်တမံသို့ရောက်ရှိခဲ့ပြီ။ ပုလွေးချောင်းအပေါ်မှ ဖြတ်၍ ကွန်ကရစ် ရေသွယ်လျှောက် ပြုလုပ်ကာ နေပြည်တော်လယ်ဝေးမြို့ရှိ ကျေးရွာပေါင်း ၃၀၏ လယ်မြေဧက ၈၀၀၀ကို ချောင်းမငယ်ရေလှောင်တမံနှင့်



"ချောင်းမငယ်ဆည်က ရေပေးတာတင် မဟုတ်ဘူး၊ လမ်းတွေပါ ဖောက်ပေးတာ"

ဦးလှကို (တောင်သူ)
ပေတိုးမြောင်ကျေးရွာ။

ဆင်အုံကန်တို့မှ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုတို့အတွက် စိုက်ပျိုးရေပေးဝေနေမှုကို တွေ့မြင်ခဲ့ရသည်။ ဆင်အုံကန်ကြီးသည် ရှမ်းစုကျေးရွာအနီးတွင်ရှိပြီး ချောင်းမငယ် ရေလှောင်တမံမှ ရေကူပေးနေခြင်း ဖြစ်ကြောင်း ကိုယ်တွေ့သိရှိခဲ့ရသည်။

ရေပေးဝေ

ချောင်းမငယ် ရေလှောင်တမံသည် နေပြည်တော်လယ်ဝေးမြို့နယ် ပန်းညိုစမ်းကျေးရွာအနီး ချောင်းမငယ်ချောင်းကို ပိတ်၍ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၅) နေပြည်တော် ပျဉ်းမနားက ၂၀၀၂ခု စက်တင်ဘာလမှ စတင်တည်ဆောက်ခဲ့ရာ မြေသားတမံ ရေစိမ့်တားကွန်ကရစ် နံရံ၊ ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်၊ ရေပိုလွှဲတည်ဆောက်ခြင်းများ ပြီးစီး၍ ၂၀၀၆ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့သည်။ ၂၀၀၆ ခု နိုဝင်ဘာလမှစတင်၍ လယ်မြေများသို့ စိုက်ပျိုးရေပေးဝေနိုင်ရန် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်း ဖြစ်သည့် တူးမြောင်း လုပ်ငန်းနှင့် တူးမြောင်းအဆောက်အအုံ လုပ်ငန်းများ လုပ်ဆောင်ကာ ရေပေးနေ ခြင်းဖြစ်သည်။ လယ်မြေများသို့ ဆည်ရေ ပေးဝေရာတွင် တူးမြောင်းမကြီး ပေတိုင် ၅၂၀၀၀အထိ လက်တံမြောင်းလေးခုဖြင့် လယ်မြေဧက ၃၀၀၀ကို ရေပေးဝေသည်။ ဆင်အုံကန်အောက်ပိုင်းရှိ လယ်မြေဧက ၅၀၀၀ ကို မူလမြောင်းဟောင်းများအား ပြန်လည်ပြုပြင်ကာ ရေပေးဝေနေခြင်းဖြစ်သည်။ ဆည်မြောင်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကလည်း အားရဖွယ်။ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၅) နေပြည်တော် ပျဉ်းမနားမြို့မှလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူက "ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း အတွက် တူးမြောင်းအဆောက်အအုံ ၁၂၆ခု တည်ဆောက်ရမည်ဖြစ်ရာ ၇၉ ခု တည်ဆောက်ပြီး ၄၇ခု တည်ဆောက်ရန် ကျန်ရှိနေသေးပါကြောင်း၊ သတ်မှတ်လျာထားချက်အားလုံး အမြန်ဆုံးပြီးစီးသွားနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၀၉ ခုနှစ်က မိုးစပါးအောင်ရေရရှိစေရန် ဧက ၂၄၀၀ကျော် စတင်ရေပေးခဲ့ပြီး ၂၀၁၀ ခုနှစ် မတ်လတွင် နွေစပါး ၁၆၅၂ဧက စိုက်ပျိုးနိုင်ရန် ရေပေးဝေခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ငွေကျပ်သန်း

၄၀၀၀ကျော် အကုန်အကျခံကာ ချောင်းမငယ်ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ပေးခြင်းကြောင့် ဆည်ရေသောက်ဧရိယာများ တိုးတက်များပြားလာကာ အထွက်တိုးပြီး ဒေသဝမ်းစာဖူလုံရုံသာမက တောင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားလာပြီး လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားလာမှာ ဖြစ်ပါကြောင်း၊ ရေလှောင်တမံ၊ ရေပေးမြောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝန်ထမ်းများနှင့် အတူဒေသခံများကလည်း ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း" ဖြင့် ပြောကြားသည်။

ချောင်းမငယ် တည်ဆောက်ရေး ဦးစီးအရာရှိ ဦးချမ်းငြိမ်းက သတင်းအဖွဲ့နှင့်အတူ လိုက်ပါလာရင်း ရှမ်းစုကျေးရွာအနီးရှိ ပုလွေးချောင်းပေါ်ကိုဖြတ်ကျော်၍ ကွန်ကရစ်အမျိုးအစား ရေသွယ်လျှောက် တည်ဆောက်ကာ ရေသွယ်မြောင်းသို့ ရေပေးဝေနေမှုကို "ဒီပုလွေးချောင်းရဲ့ အနောက်ဘက်က လယ်မြေ ၃၀၀၀ ကို ချောင်းမငယ် ဆည်ရေပေးပါတယ်၊ အရှေ့ဘက်ခြမ်းက လယ်မြေဧက ၅၀၀၀အတွက် ပုလွေးချောင်းကို ဖြတ်ကျော်ပြီး ဒီရေသွယ်လျှောက်တည်ဆောက်ပေးရတာပါ။

တည်ဆောက်ထား

ဒီလိုမှမလုပ်ရင် ဆည်ရေက ပုလွေးချောင်းထဲစီးဝင်ပြီး အလဟဿဖြစ်သွားမှာပါ၊ ဒါကြောင့် သဘာဝ အတားအဆီးကို ဖြတ်ကျော်နိုင်အောင် ခိုင်ခိုင်ခံ့ခံ့ဖြစ်ဖို့ ကွန်ကရစ်ရေသွယ်လျှောက် တည်ဆောက်ပေးထားတာ ဖြစ်ပါတယ်။ ဒီကွန်ကရစ်ရေသွယ်လျှောက်က အလျားပေ ၁၈၀၊ အကျယ် ၁၀ပေနဲ့ အမြင့်ရှစ်ပေရှိပါတယ်။ အပေါ်ဘက်ကလည်း ကားသွားနိုင်အောင် ခိုင်ခံ့ပါတယ်" ဟု ရှင်းပြသည်။

ချောင်းမငယ်ရေလှောင်တမံ၏ အနေအထားကို လေ့လာနေစဉ် ရေသွယ်လျှောက်အနီး ရောက်ရှိလာသူ ရှမ်းစုကျေးရွာနေ တောင်သူဦးမြင့်စိုးအား ချောင်းမငယ် ဆည်ရေနဲ့ စပါးစိုက်ရတာ အဆင်ပြေပါသလားဟုမေးမြန်းကြည့်ရာ "ကျွန်တော် လယ်ခုနစ်ဧက စပါးစိုက်ပါတယ်၊ အခုဆည်ရေရလို့ နွေစပါးရော မိုးစပါးပါ ခုနစ်ဧကစလုံး စိုက်ပါတယ်၊ ဆည်မရှိခင်တုန်းက မိုးရွာဖို့ပဲ ဆုတောင်းရတယ်၊ အခုတော့ မိုးကိုမျှော်

ကန်ဦးကျေးရွာမှ ဦးမြင့်လွင်က အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းမှ စပါးနှံများ ဆုပ်ကိုင်ပြသခဲ့စဉ်။

စရာ မလိုတော့ဘူး၊ ဆည်ရေကျေးဇူးပေါ့ဗျာ" ဟု ဖြေကြား၍ စိတ်ကျေနပ်မိသည်။ နောက်တစ်ဦးဖြစ်သည့် ကန်လှကျေးရွာနေ လယ်မြေ ၁၅ ဧက မိုးစပါးစိုက်သည့် အသက် (၆၇) နှစ်ရှိ တောင်သူဦးမြသိန်းအား တွေ့ဆုံရာ "နွေစပါးကို နှစ်ဧကလောက် ဆင်းသွယ်ရင်စပါး စမ်းပြီးစိုက်ကြည့်တယ်၊ တစ်ဧကတင်း ၈၀ လောက်ထွက်တယ်၊ မိုးစပါးထက်ပိုထွက်တာပေါ့၊ ဒီနှစ်တော့ပိုစိုက်မယ်၊ စပါးစိုက်တာကိုငယ်စဉ်ကတည်းက မိရိုးဖလာ စိုက်တာပါ၊ စပါးဆိုတာရေကြိုက်တယ်လေ၊ အခုကျမှ ဆည်ရေ ရလာတော့ စပါးစိုက်လို့ အကောင်းဆုံးပေါ့" ဟု ဝမ်းမြောက်စကားဆိုပါသည်။ ဒေသခံတို့၏ မျက်နှာဝယ် အပြုံးအပျော်တို့ဖြင့် ဝေလျက်....။

အောင်မြင်ဖြစ်ထွန်း

ချောင်းမငယ်ရေလှောင်တမံမှတစ်ဆင့် ရေကူပေးသော ဆင်အုံကန်ရေပေးဝေမှုတွင် ပါဝင်သော ပေတိုးမြောင်ကျေးရွာ နွေစပါးစိုက်ခင်းသို့ သွားရောက်လေ့လာခဲ့သည်။ နေပြည်တော်လယ်ဝေးသည် မိုးဦးတွင် မိုးရွာသွန်းမှုနည်း၍ မိုးလယ်နှင့် မိုးနှောင်းတို့တွင် မိုးကောင်းသည့်အနေအထားရှိသည်။ သို့အတွက် အချို့လယ်များတွင် မိုးစပါးထွန်ယက်စိုက်ပျိုးမှုကို မြင်တွေ့ရသည်။ လေအန့်တွင် ယိမ်းနွဲ့လှုပ်ရှားနေသော စပါးများ အောင်မြင်ဖြစ်ထွန်းနေသော မြရောင်အဆင်း မိုးစပါးခင်းကြီးကလည်း တကျယ်တပြန့်....။

အလျား ၁၀ မိုင် ရှည်လျားသော ချောင်းမငယ်ဆည်၏ တူးမြောင်းမကြီးကို ဤသို့တွေ့ရသည်။

ပေတိုးမြောင်ကျေးရွာသား ရွာလူကြီးဖြစ်သော တောင်သူ ဦးလှကိုက "ဒီချောင်းမငယ်ဆည်ရေက နေပြည်တော်လယ်ဝေးအပိုင် မဒေါ့ပင်၊ ပေတိုးမြောင်၊ ရှမ်းစု၊ တလုပ်ပင်၊ ကျောက်တစ်လုံးကျေးရွာအုပ်စုတွေက ရွာပေါင်း ၃၀ကို ဆည်ရေပေးနေတာပါ။ ကျွန်တော်က နွေစပါးကို ဆင်းသွယ်လတ်စပါး ၈ ဒသမ ၃၀ဧက စိုက်ပါတယ်။ မိုးစပါးကိုတော့ ရှယ်သုခ စိုက်တယ်၊ သူ့ရာသီနဲ့လိုက်ဖက်တဲ့ စပါးမျိုးတွေပေါ့၊ ချောင်းမငယ်ဆည်က လယ်မြေအတွက် ရေပေးတာတင် မဟုတ်ဘူး၊ လမ်းတွေပါ ဖောက်ပေးတာ၊ အရင်က

"၂၀၁၀ခု မတ်လကတည်းက နေပြည်တော် လယ်ဝေးမှာ နွေစပါးစိုက်ပျိုးဖို့ ဆည်ရေတွေ ပေးဝေနေပါပြီ"

ဦးကျော်သူ
လက်ထောက်ညွှန်ကြားရေးမှူး
တည်ဆောက်ရေး(၅)။

သွားလာရေးသိပ်ခက်တာ၊ ခြေကျင်ပဲသွားရတာ၊ စက်ဘီးတောင် သိပ်မလွယ်ဘူး၊ အခုမြင်တဲ့ တာပေါင်ကြီးဆိုရင် ဆိုင်ကယ်တွေ၊ထော်လာဂျီတွေ၊ကားတွေပါ သွားလို့လာလို့ သိပ်အဆင်ပြေပါတယ်၊ အားလုံးလည်း ဝမ်းသာနေကြတယ်၊ ဒီလိုလုပ်ပေးလို့ နိုင်ငံတော်အစိုးရကို ကျေးဇူးအထူးတင်ပါတယ်" ဟု ပီတိစကား ပြောကြားသွားခဲ့သည်။

ဝမ်းသာပီတိ

နေပြည်တော်လယ်ဝေးမှ ချောင်းမငယ်ရေလှောင်တမံနှင့် ဆင်အုံကန်တို့၏ မြောင်းသွယ်စိုက်ပျိုးရေပေးဝေနေမှုဖြင့် ကျေးရွာပေါင်း၃၀မှလယ်မြေဧက၈၀၀၀ မိုးစပါး၊ နွေစပါး ဖြစ်ထွန်းအောင်မြင်၍ ဒေသခံတောင်သူများဝမ်းသာပီတိဖြစ်နေမှုမှာ ဒေသဖွံ့ဖြိုးလာမှုအလှကိုအသက်ဝင်လှုပ်ရှားပုံရိပ်များအဖြစ် တန်ဆာဆင်လျက်ရှိပါကြောင်း သတင်းခရီးတစ်ထောက် ရေးသားပေးပို့လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နေပြည်တော် လယ်ဝေး ပန်းညိုစမ်းကျေးရွာအနီးက ပင်မမြေသားတမံ အလျားပေ ၂၁၅၀၊ အမြင့် ၉၆ ပေရှိ ချောင်းမငယ် ရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

ဇူလိုင် ၂ ရက်က 234th Anniversary of the Independence of United States အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Larry M.Dinger ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမေ၊ ဇနီးနှင့် သမီးများအလှ

* ငါ့အမေ
လှပါပေ မဟုတ်သော်ငြား။
'မြန်မာအမျိုးသမီး' ဆိုတဲ့
အရိပ်ထီးမှာ စံတင်ရအောင်
ဟိတ်ကြီးကာ ဟန်အထင်ကရ
လှပါပေသား။
* ငါ့ဇနီးစံ
ပန်းပန်ဟန် သရုပ်ဖော်နဲ့
နန်းဆန်ဆန် မဟုတ်သော်ငြား။
မဟာဆန်သူကြီးရယ်လို့
မြန်မာ့သမီး ပုံထင်ကဲစွာဖြင့်
မြန်မာ့ဇနီး ဂုဏ်အင်ထဲမှာ
ပွဲတင့်ပေသား။
* ငါ့သမီးတွေ
ခရီးရှည် လှမ်းခြေအစမှာ
အလှပြည့်စုံ မတင့်သော်ငြား
နေ၏ဂုဏ် မဆင့်သော်ငြား....။
မြန်မာ့သမီးချောရယ်လို့
ပြောနိုင်အောင် မြန်မာပီသစွာ
လှရမယ် ရည်ရွယ်စိတ်ရယ်နဲ့
အရိပ်မှာ အရောင်ထွက်အောင်
အမွေဆက်ခံ ပျိုးထောင်ထားလေတော့
(အလိုကွယ်....) လှအားကြွယ်သား။ ။

စိုးမြင့်သန်းမောင် (စာပေဗိမာန်)

မြန်မာ့ရုပ်မြင်သံကြား

၄-၇-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၀၀	၆။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၅	၇။	အတီးပြိုင်ပွဲ
၈း၂၅	၈။	ဘိလပ်မြေစက်ရုံ (နေပြည်တော်)
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၀	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၂၂)
၁၂း၃၀	၅။	Golf Magazine (TV)
၁၂း၅၀	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **မင်္ဂလာရှိသောနေ့ရက်များ** ရဲအောင်၊ ကျော်ကျော်ဗို၊ မို့မို့မြင့်အောင် (ဒါရိုက်တာ-ကုသိုလ်)
၁၄း၃၀	၇။	တေးဂီတအစီအစဉ်
၁၄း၄၀	၈။	**ကမ္ဘာ့ဖလားပုံရိပ်များ** (အပိုင်း-၁၀)
၁၄း၅၅	၉။	International News

ညပိုင်း

၃း၁၅	၁။	မြန်မာ-စင်ကာပူချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာလက်ရွေးစင်အသင်းနှင့် စင်ကာပူ Asian Games Team အသင်း)
၅း၁၅	၂။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၃။	ညနေခင်းသတင်း
၆း၁၅	၄။	မိုးလေဝသအခြေအနေ
၆း၂၀	၅။	ကာတွန်းအစီအစဉ် **Bugs Adventures** (အပိုင်း-၁၈)
၆း၄၀	၆။	တစ်မျက်နှာတစ်ကွက်စာ **သူရဲကောင်းတို့နှလုံးအိမ်ဝယ်** (ပထမပိုင်း) ခင်မို့မို့အေး၊ ခင်စိုးပိုင်၊ ဝါဝါအောင်၊ သူရလင်း၊ ရန်နိုင်၊ ချစ်စု၊ ရတနာကျော်ဦး၊ ခင်မီမီကို ဒါရိုက်တာ-မေတင်(MMG)
၇း၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ**(အပိုင်း-၁၈)
၈း၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	**သွေး** (အေဝမ်းစိုးမြင့်နှင့်အဖွဲ့၊ တေးရေး-ကိုညွန့်ဝေ၊ မောင်ထွန်းမင်း)
	၁၂။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၃၉)
	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (ဇာတ်သိမ်းပိုင်း)
	၁၄။	ရုပ်သံကြယ်ပွင့်များ
	၁၅။	မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့မှ စီစဉ်တင်ဆက်သော ၂၀၁၀ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် **တိုင်းရင်းစုံညီ ပျိုမဒီ၊ တီထွင်ဆင်သ ရိုးရာအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ** (အပိုင်း-၂)
	၁၆။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

မြစ်ငယ်(ဒု၄ဝတီ)မြစ်ဖြတ်ပိုက်လိုင်း တည်ဆောက်နေမှု စွမ်းအင်ဒုတိယဝန်ကြီး ဦးသန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃

မြန်မာနိုင်ငံကိုဖြတ်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းကို ၂၀၀၅ ခုနှစ်မှစ၍ မြန်မာ-တရုတ်နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဖော်ဆောင်လျက်ရှိ

ယခုအခါ အဆိုပါလုပ်ငန်း၏ အစိတ်အပိုင်းများဖြစ်သော ကျောက်ဖြူမြို့နယ် ရေနံတင်ဆိပ်ကမ်း တည်ဆောက်ရေးနှင့် မြစ်ငယ်မြစ်ဖြတ်ပိုက်လိုင်းတည်ဆောက်ရေး လုပ်ငန်းများကို စတင်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ရက် မွန်းလွဲပိုင်းက စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကတီကျေးရွာအနီး၌ ဆောင်ရွက်လျက်ရှိသော မြစ်ငယ် (ဒု၄ဝတီ)မြစ်ဖြတ်ပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်းကို သွားရောက်စစ်ဆေးသည်။

ရှေးဦးစွာ တည်ဆောက်ရေးလုပ်ငန်းခွင်ရုံးခန်း၌ China Petroleum Pipeline (CPP) ကုမ္ပဏီမှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီး(**အပေါ်ပုံ**)သည် ဇူလိုင် ၁ရက်တွင် မန္တလေးမြို့ပေါ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ ပင်မ ရေနံသိုလှောင်ဖြန့်ဖြူးရေး ဌာနကြီး(ခ)အဆင့်သို့ ရောက်ရှိပြီး ပုဂ္ဂလိက စက်သုံးဆီသယ်ယာဉ်များသို့ ဆီဖြည့်တင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေနံချောင်းမြို့ အထက (၁)

ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၃

မကွေးတိုင်း ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၀ခုနှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၇ရက်က အထက (၁) နဝဒေးခန်းမ၌ ကျင်းပရာ အလှူရှင်များက ငွေသားဆုနှင့် ငွေကျပ် ၄၄၄၀၀၀ တန်ဖိုးရှိ ဆုတံဆိပ်များ ချီးမြှင့်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်သောင်းမြင့်နှင့် ကျောင်းအုပ်ဆရာကြီး ဦးစိန်မောင်ညိုတို့က အမှာစကားပြောကြားကြပြီး ဆုများကို ကျောင်းအကျိုးတော်ဆောင်များဖြစ်ကြသော ဦးမြမောင်၊ ဦးဝင်းထွန်း၊ ဒေါက်တာမောင်မောင်ညို၊ ဦးမောင်မောင်စိုး၊ ဦးကျော်လွင်နှင့် အလှူရှင် ဦးစောမာကုတို့က ပေးအပ်ကြသည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၇ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၉ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၈ဦးနှင့် ရိုးရိုးအောင် ၂၂၉ဦး အောင်မြင်ကြောင်းနှင့် အောင်ချက်ရာခိုင်နှုန်း ၅၁ ဒသမ ၉၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု ကော့ကရိတ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

ကော့ကရိတ် ဇူလိုင် ၃

ကော့ကရိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ ကော့ကရိတ်မြို့နယ်သစ်တောဦးစီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ၂၀၁၀ ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကော့ကရိတ်မြို့ အထက (၂) ကျောင်းအနီး၌ ဇွန် ၂၇ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌဦးအောင်ဇော်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးသန်းဆွေနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာနှင့် လူမှုရေးအသင်းဝင်များ၊ ပြည်သူများ အပါအဝင် စုစုပေါင်း အင်အား ၃၀၀ကျော် တက်ရောက်ကြပြီး ကျွန်းပင် ၃၀၀၊ မဟော်ဂနီပင် ၃၀၀၊ ယူကလစ်ပင် ၃၀၀နှင့် မဲဇလီပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၁၀၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။

(ခရိုင် ပြန်/ဆက်)

အခြေခံ အမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့မှကြီးမှူး၍ အခြေခံ အမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း(၃/၂၀၁၀) ကို ဇူလိုင်၁၅ရက်မှစ၍ နှစ်လကြာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ သင်ကြားပို့ချမည်ဖြစ်သည်။

နောက်ဆုံးထား

သင်တန်းသူအမျိုးသမီး၂၀သာ လက်ခံမည်ဖြစ်သည်။ သင်တန်းကို မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စံပယ်လမ်းနှင့် အောင်သပြေလမ်းကြား) တိုက်အမှတ်(ဘီ) အခန်းအမှတ်(၀၀၅) ငါးလွှာ၌ သင်ကြားမည်ဖြစ်သည်။ သင်တန်းလျှောက်လွှာများကို KSSနတ်သုဒ္ဓါဒံပေါက်ဆိုင် အမှတ်(၁၀၁) စက်ရုံလမ်း သာယာကုန်းရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ရယူပြီး ဇူလိုင်၁၄ရက် နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ်ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ်ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ် ထုတ်ပေးထားခြင်း မရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ဇွန် ၂၂ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကို အထက(၂)လှိုင်၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းက ကျောင်းသားကျောင်းသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇူလိုင် ၃

မြို့မဈေး မီးဘေးလုံခြုံရေး မိုးညှင်း၌ဆောင်ရွက်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်နှင့်အဖွဲ့သည် ဇွန် ၁၀ရက်က မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုနှင့် မီးသတ်ဆေးဘူးများ ချိတ်ဆွဲထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းပြသသည်။ (မြို့နယ်စည်ပင်)

စာငှားစနစ်ကျင့်သုံးရေး ခန္တီး၌ဆွေးနွေး

ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက် မြစ်ဖျားသလ္လာစာကြည့်တိုက်၌ မေ ၃၀ရက် နံနက် ၁၀ နာရီက စာငှားစနစ်ကျင့်သုံးရေးဆွေးနွေးပွဲနှင့် စာအုပ်စာစောင်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရာ ခရိုင်ဥက္ကဋ္ဌဦးလှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဒေးဒရဲ၌ဖွင့်

ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၁၀)ဖွင့်ပွဲ အခမ်းအနားကို မေ ၉ရက် နံနက် ၁၀ နာရီက ဘုရားချောင်းကျေးရွာ ပြည့်အားမာန်စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများအကြောင်းကို ရှင်းလင်းပြောကြားသည်။ *(ခရိုင် ပြန်/ဆက်)*

အင်္ဂလိပ်နှင့် သင်္ချာစွမ်းရည်မြှင့်မားရေး သင်တန်းဆင်း

မင်းတပ်မြို့ အထက(၁)ခန်းမတွင် မြို့နယ်အဆင့်အင်္ဂလိပ်နှင့်သင်္ချာဘာသာရပ် အရည်အသွေးစွမ်းရည်မြှင့်မားရေး သင်တန်းဆင်းပွဲကို မေ၁၃ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ငွေက အဖွင့်အမှာစကား ပြောကြားပြီး မင်းတပ်ခရိုင် ပညာရေးမှူး ဦးအုန်းညွန့်က သင်တန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ဆီဆိုင်၌ မူလတန်းကျောင်း အဆောက်အအုံသစ်ဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု ထီရှော့ကျေးရွာ မူလတန်းကျောင်း ကိုယ့်အားကိုယ်ကိုး ကျောင်းအဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၇ရက်က အဆိုပါကျောင်းအဆောက်အအုံသစ်ခန်းမ၌ ကျင်းပရာ ဆီဆိုင်မြို့နယ် ပညာရေးမှူး ဒေါ်တင်တင်ကြွေ၊ မြို့နယ်စာရင်းစစ်အရာရှိဒေါ်ကျင်လှနှင့် ပင်စုံကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခွန်ချစ်ဟန်တို့က ကျောင်းအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်ကော်၌ ခရိုင်တိုင်းရင်းဆေးကုဌာနရုံးသစ်ဖွင့်

လှိုင်ကော်ခရိုင် တိုင်းရင်းဆေးကုဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၂၀ရက် နံနက် ၈နာရီက လှိုင်ကော်မြို့ ဒေါ်ဥခုရပ်ကွက်ရှိ အဆိုပါအဆောက်အအုံသစ်၌ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရွှေကူစည်ပင်သာယာ ရေစက်ရုံရေကန်မှ ရေဖြန့်ဖြူး

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိပြီးသော အမှတ်(၄)ရပ်ကွက် အထက(၁)ကျောင်းရှေ့ ရေစက်ရုံရေကန်မှ ရေဖြန့်ဖြူးထားရှိမှုကို ဇွန် ၁၅ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီက ရှင်းလင်းတင်ပြသည်။ *(မြို့နယ်စည်ပင်)*

အင်းတော်၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်

အင်းတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် အောင်ချမ်းသာရပ်ကွက်တွင် ဇွန်၁၂ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ ရပ်ကွက်လုံးကျွတ် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။ *(၀၃၀)*

မိုးကောင်း၌ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

မိုးကောင်းမြို့နယ် စတုတ္ထကာလတို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၁ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်လင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်ဥက္ကဋ္ဌများထံ စီမံကိန်း တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။ *(၀၀၁)*

မြင်းမူ၌ လောကအလင်းရောင် စာကြည့်တိုက်ဖွင့်

မြင်းမူမြို့နယ် ဘိုးမင်းကြီးတင်းကျေးရွာ လောကအလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲကို မေ ၂၅ရက် နံနက်၈နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်နိုင်စိုးနှင့် ကျေးရွာဥက္ကဋ္ဌဦးလှတင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ။

(မြို့နယ် ပြန်/ဆက်)

လမ်းတံတားများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနိုင်သည့်အတွက် ပြည်နယ်နှင့်တိုင်းများရှိ ဒေသများ ကွန်ရက်သဖွယ် အချိတ်အဆက်ရှိလာ

✻ ကျော်ဖုံးမှ

ရှေ့ဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"ခေတ်မီ နိုင်ငံတော် တည်ဆောက်ရေးနဲ့ ပြည်သူတို့ရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးမှာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍဟာလည်း အဓိက ကဏ္ဍမှာပါဝင်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်၍ လွယ်လင့်တကူ ဆက်သွယ်ဆောင်ရွက်နိုင်မှသာ စီးပွားရေး၊ လူမှုရေးတို့ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း"** လမ်းများကွန်ရက်သဖွယ် ဖောက်လုပ်တည်ဆောက်ရသည့် ရည်ရွယ်ချက်ကို လမ်းညွှန် မိန့်ကြားခဲ့ပါကြောင်း။

တည်ဆောက်ပေး

မြန်မာနိုင်ငံ၏အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းစသည့် မြစ်ကြီးများပေါ်တွင် တံတားကြီးများကို တည်ဆောက်ပေးခဲ့ကြောင်း၊ ဧရာဝတီမြစ်ပေါ်တွင် ဆိုလျှင် ရှစ်စင်း၊ ချင်းတွင်းမြစ်ပေါ်တွင် နှစ်စင်း၊ သံလွင်မြစ်ပေါ်တွင် သုံးစင်း၊ စစ်တောင်းမြစ်ပေါ်တွင် နှစ်စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ဧရာဝတီ မြစ်ကူးတံတားကြီးများဖြစ်သည့် ဧရာဝတီတံတား(စင်းခန်း)၊ ဧရာဝတီတံတား(မလွန်)၊ ဧရာဝတီတံတား (ပခုက္ကူ)၊ ဧရာဝတီတံတား (ညောင်တုန်း)၊ ဧရာဝတီတံတား (ရတနာသိင်္ခ)စသည့် တံတားကြီးများအပါအဝင် ပေ ၁၈၀အထက် တံတား ၂၁စင်းကို တည်ဆောက်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ လမ်းတံတားများကို တိုးချဲ့ ဖောက်လုပ်တည်ဆောက်ပေးနိုင်သည့်အတွက် ပြည်နယ်နှင့်တိုင်းများရှိ ဒေသများသည် တစ်ဆက်တစ်စပ်တည်း ကွန်ရက်သဖွယ် အချိတ်အဆက်ရှိလာပြီး ဆက်သွယ်သွားလာမှုလွယ်ကူလျက် ကုန်သွယ်မှုလုပ်ငန်းများလည်း တိုးတက်မြန်ဆန်လာသည်ကို တွေ့မြင်နေကြရပြီ ဖြစ်ကြောင်း။

ဤ ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)အပိုင်းကို ယခင်က ၁၂ပေ ကျောက်လမ်းအဆင့်မှ ၁၈ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

အဆင်ပြေချောမွေ့

ဤလမ်းပိုင်းကို အဆင့်မြှင့်တင် ဖောက်လုပ်ခဲ့ခြင်းကြောင့် ရှမ်းပြည်နယ်ပင်လောင်းမြို့နှင့် နေပြည်တော်ကို ဘတ်စ်ကားများ၊ လူစီးယာဉ်များ၊ ကုန်တင်ကားကြီးများ၊ ထော်လာဂျီများ၊ မော်တော်ဆိုင်ကယ်များ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ထို့အပြင် ယခင်က ဖွင့်လှစ်ခဲ့သည့် အမှတ်(၂) ခရိုင်ချင်းဆက်လမ်းသည် မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားပြီး ယခုဖွင့်လှစ်သည့် ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့) လမ်းအပိုင်းနှင့် တစ်ဆက်တည်းဖြစ်သည့်အတွက် မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ကို တစ်ဆက်တည်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်၍ ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများ၏ ခရီးသွားလာရေးနှင့် ဒေသထွက်ကုန်စည်များ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများလည်း ယခင်ကထက် ပိုမိုအဆင်ပြေချောမွေ့လာပြီ ဖြစ်ကြောင်း။

ယခင်က ရှမ်းပြည်နယ် ပင်လောင်းမြို့မှ မော်တော်ယာဉ်များ ရှစ်နာရီကြာ မောင်းနှင်မှ ရောက်ရှိနိုင်သော နေပြည်တော်ပျဉ်းမနားသို့ ယခုအခါ ငါးနာရီမျှဖြင့် မောင်းနှင်ရောက်ရှိနိုင်ပြီဖြစ်ကြောင်း၊ ယခင်ကထက် ယာဉ်မောင်းချိန် သုံးနာရီ လျော့နည်းသက်သာခဲ့ပြီဖြစ်ကြောင်း။

ချစ်ကြည်ရင်းနှီး

ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပြီးဖြစ်သည့် ဤလမ်းမကြီးကိုအကြောင်းပြု၍ ဆက်စပ်လျက်ရှိသည့်ဒေသအားလုံး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများသည် သိသိသာသာ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အတူ တိုင်းရင်းသား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု တို့ကို အထောက်အကူပြုနိုင်တော့မည် ဖြစ်ကြောင်း။

စောင့်ရှောက်ပေး

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်/တိုင်းများ၌ လမ်းနှင့် တံတားများကို နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အမျိုးသားရေးအမြင်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီး ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများက ဝင်ငွေများ ပိုမိုရလာရန်နှင့် နိုင်ငံခြားပို့ကုန်သီးနှံများ ပိုထွက်လာရန် ပိုမိုစိုက်ပျိုး ထုတ်လုပ်ကြရမည်ဖြစ်ကြောင်း၊ နောင်သားစဉ်မြေးဆက်များအတွက်လည်း ကောင်းသောလက်ဆင့်ကမ်းအမွေများ ပေးနိုင်ရန်၊ ထားခဲ့နိုင်ရန် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ဖွင့်လှစ်လိုက်သော ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့) အပိုင်းသည် ဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းတစ်ခုရရှိခြင်း ဖြစ်သဖြင့် သားစဉ်မြေးဆက် ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးကြပါဟု တိုက်တွန်း ပြောကြားလိုကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့်လည်း လမ်းတံတားများ ပိုမိုတိုးတက် ကောင်းမွန်အောင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းတံတားသစ်များကို တိုးချဲ့တည်ဆောက်ပေးခြင်းတို့သည် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးအတွက်သာမက ပြည်သူများ အဆင်ပြေသွားလာနိုင်ရေးအတွက် ကြိုးပမ်းမှုများပင် ဖြစ်ကြောင်း။

လက်ဆင့်ကမ်း

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဤပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)အပိုင်း ဖောက်လုပ်ရာတွင် နိုင်ငံတော်၏ ဝင်ငွေများထဲမှ ခြိုးခြံချွေတာ၍ ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်က ငွေသန်းပေါင်းများစွာ အကုန်အကျခံ၍ ဖောက်လုပ် တည်ဆောက်ပေးခြင်းသည် နိုင်ငံတော်အဝန်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြစ်သဖြင့် တိုင်းရင်းသား ပြည်သူများသည် တစ်နေရာနှင့် တစ်နေရာ ကူးသန်းဆက်သွယ်မှုများ များလာမည်။ သို့ဖြစ်လျှင် တစ်ဦးနှင့်တစ်ဦးရင်းနှီးချစ်ကြည်မှုများ တိုးပွားလာကာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကာလာလျှင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် (ကင်းသာ-ကိုးကွေ့) လမ်းအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း အသုံးပြုနိုင်အောင်၊ အရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ပေးကြပါဟု တိုက်တွန်းရင်း ဤလမ်းကြီးပြီးမြောက်အောင်မြင်အောင် တည်ဆောက်ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့်တကွ ဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ ဝန်ထမ်းများအား လည်းကောင်း၊ ဒေသခံပြည်သူများအား လည်းကောင်း အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ကတ္တရာလမ်းဆိုင်ရာ အချက်အလက်များ၊ လမ်းအင်္ဂါရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ၁၉၈၈ခုနှစ်မတိုင်မီက လမ်းအရှည်မိုင် ၁၃၆၃၅ မိုင် ရှိခဲ့ရာမှ ယခုဆိုလျှင် ၂၁၃၆၁မိုင် ၂ဖာလုံ ရှိလာပြီဖြစ်သည့်အတွက် ၇၇၂၆မိုင် ၂ဖာလုံ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထပ်တိုးလမ်းများအဖြစ် ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အခြားဝန်ကြီးဌာနများနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့မှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည့် လမ်းမိုင်အရှည် ၁၁၄၇မိုင် ၁ဖာလုံကိုလည်း လက်ခံရယူခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၁၀ခုနှစ် မတ်လ ၂၄ရက်တွင် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း မိုင်အရှည် ၁၂၅မိုင် ၁ဖာလုံကို ကတ္တရာလမ်းအဖြစ် ၅လ ၁၉ရက်ဖြင့် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့နည်းတူစွာ ဧရာဝတီမြစ်ဝကျွန်းပေါ်လမ်းကွန်ရက် ၁၀လမ်းထဲက အမှတ် (၉) လမ်းဖြစ်သည့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆မိုင်ကိုလည်း ၂၀၁၀ခုနှစ် မေလ ၁၄ရက်နေ့တွင် ကတ္တရာလမ်းအဖြစ် ၅လ ၁၄ရက်ဖြင့် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ပျဉ်းမနား-ပင်လောင်းလမ်း၏ (ကင်းသာ-ကိုးကွေ့) လမ်းအပိုင်းသည် ၂၀မိုင် ၃ဖာလုံအရှည်ရှိပြီး ၁၈ပေအကျယ် ကတ္တရာလမ်းဖြစ်ကြောင်း၊ လမ်းတာပေါင် ၃၄ပေအကျယ်ရှိပြီး လမ်းကွေ့နေရာများတွင် ပေ၄၀အကျယ်ရှိကြောင်း၊ ဤလမ်းသည် ယခင်က ၁၂ပေအကျယ် ကျောက်လမ်းအဆင့်သာရှိပြီး အချို့နေရာများတွင် မတ်စောက်သည့် နေရာများရှိခဲ့ကြောင်း။

အဆင့်မြှင့်တင်ဆောက်လုပ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်အရ ဤလမ်းကို ခရီးသည်တင် ဘတ်စ်ကားကြီးများ သွားလာနိုင်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၀၉ ခုနှစ် ဩဂုတ်လမှစ၍ ၁၂ပေအကျယ် ကျောက်လမ်းမှ ၁၈ပေ အကျယ် ကတ္တရာလမ်းအဖြစ် စတင်အဆင့်မြှင့်တင် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မတ်စောက်၍ အတက်အဆင်း ခက်ခဲသော နေရာများတွင် အောက်ခံ ကျောက်သားများကို ဖောက်ခွဲပြီး လမ်းသားနှိမ့်ချခြင်း လုပ်ငန်းများကို ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ အတက်အဆင်း အကွေ့အကောက်များသည့် နေရာများကိုလည်း ဒီဇိုင်းအရ ပြေပြစ်အောင် ဆောင်ရွက်ခဲ့ပြီး လမ်းတစ်လျှောက် သစ်သားတံတားများကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဤလမ်းသည် နေပြည်တော်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ကို ဆက်စပ်ပေးသည့် အဓိက လမ်းမကြီးဖြစ်ကြောင်း၊ ပျဉ်းမနား-ပင်လောင်း လမ်းသည် လမ်းမိုင် အရှည် ၇၀မိုင် ၂ဖာလုံရှိပြီး ယနေ့ဖွင့်လှစ်ပေးသည်မှာ ပျဉ်းမနား-ပင်လောင်းလမ်းမ၏ အစပိုင်းဖြစ်သော (ကင်းသာ-ကိုးကွေ့)အပိုင်း ၂၀မိုင် ၃ဖာလုံကို ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း၊ ကျန်ရှိသည့် (ကိုးကွေ့-ပင်လောင်း)လမ်းအပိုင်းကိုလည်း အမြန်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

ဆောင်ရွက်သည့်လမ်းများ

ယခုအခါတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လမ်းများအနက် လမ်းအချို့ကို ပြောပြရမည်ဆိုပါလျှင် -

(၁) ပုသိမ်-မုံရွာ လမ်းမကြီး၊ မိုင်အရှည် ၄၅၀မိုင် ၅ ဖာလုံ၊
(၂) တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း (တိုက်ကြီး-၁၀မိုင်ကုန်းအပိုင်း)၊ မိုင်အရှည် ၄၂မိုင် ၇ဖာလုံ၊
(၃) မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်-ဘန့်ဘွေးကုန်း-ပဲနွယ်ကုန်းလမ်း၊ မိုင်အရှည် ၁၄၃မိုင် ၆ဖာလုံ၊
(၄) ကိုးပင်-သာဂရလမ်း၊ မိုင်အရှည် ၉၆မိုင် ၃ဖာလုံ၊
(၅) မကွေး-ကန်ပြား-မြို့သစ်-တောင်ညို-နေပြည်တော် လမ်း၊ မိုင်အရှည် ၁၀၈မိုင် ၄ဖာလုံ၊
(၆) မကွေး - နတ်မောက် - ပျော်ဘွယ်လမ်း၊ မိုင်အရှည် ၉၁မိုင် ၄ဖာလုံ၊
(၇) ပြင်ဦးလွင်-မိုးကုတ်လမ်း၊ မိုင်အရှည် ၉၇မိုင်၊
(၈) ကသာ - စင်းခန်းလမ်း၊ မိုင် အရှည် ၆၅မိုင်၊
(၉) မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ မိုင်အရှည် ၂၁၈မိုင်၊
(၁၀) သက္ကယ်ကျင်း - ဖောင်းပြင်-ခန္တီးလမ်း၊ အရှည်မိုင် ၃၃၀၊
(၁၁) ပျဉ်းမနား - ပင်လောင်းလမ်း၊ မိုင်အရှည် ၇၀မိုင် ၂ဖာလုံ၊
(၁၂) ရခိုင်ပြည်နယ် အတွင်း ပုဏ္ဏားကျွန်း - ရသေ့တောင်လမ်း၊ မိုင်အရှည် ၂၂မိုင် ၆ဖာလုံ၊
(၁၃) မြေပုံ-မင်းပြားလမ်း၊ မိုင်အရှည် ၂၄မိုင်၇ဖာလုံ၊
(၁၄) ပေါက်တော-မင်းပြားလမ်း၊ မိုင်အရှည်၂၀မိုင် ၆ဖာလုံ၊
(၁၅) ကျောက်တော်-ပလက်ဝလမ်း၊ မိုင်အရှည် ၃၃မိုင် ၅ဖာလုံ။

တို့ဖြစ်ကြောင်း၊ ဤလမ်းများကိုလည်း ကတ္တရာလမ်းအဆင့်အထိ ဖောက်လုပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

တံတားများ

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပေ ၁၀၀နှင့် ပေ ၁၈၀အကြား တံတားပေါင်း ၂၉၁၅စင်းနှင့် ပေ ၁၈၀အထက် တံတားကြီး အစင်း၂၄၀ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပေ ၁၈၀အထက် တံတားအစင်း ၂၀ တည်ဆောက်နေဆဲဖြစ်ကြောင်း၊ ယခု ဧရာဝတီမြစ်ကူးတံတားကြီး ငါးစင်း တည်ဆောက်လျက်ရှိရာတွင် နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်း ပူးတွဲတံတားကြီးလေးစင်းနှင့် နှစ်လမ်းသွားကားလမ်းသက်သက် တံတားကြီးတစ်စင်း တည်ဆောက်နေပါကြောင်း၊ ယင်းတံတားများမှာ-

(၁) ပေ ၁၁၄၃၁အရှည်ရှိ ဧရာဝတီတံတား (ပခုက္ကူ)၊
(၂) ပေ ၇၄၀၂အရှည်ရှိ ဧရာဝတီတံတား(ညောင်တုန်း)၊
(၃) ပေ ၃၂၁၅အရှည်ရှိ ဧရာဝတီတံတား(မလွန်)၊
(၄) ပေ ၄၆၉၅အရှည်ရှိ ဧရာဝတီတံတား (စင်းခန်း)၊
(၅) ပေ ၂၄၈၀ အရှည်ရှိ ဧရာဝတီတံတား(ရတနာသိင်္ခ)။

တံတားတို့ပင်ဖြစ်ကြောင်း။

အမြင့်ဆုံးတံတား

ထို့အပြင် ပျဉ်းမနား-ပင်လောင်းလမ်းမိုင်တိုင် ၄၂မိုင် ၆ဖာလုံတွင်ရှိသော ယခု တည်ဆောက်နေသည့် လိန်းလီတံတားကို ၂၀၀၆ခုနှစ် စက်တင်ဘာ ၂၂ရက်တွင် စတင် တည်ဆောက်ခဲ့ပြီး ၂၀၁၀ခုနှစ် အောက်တိုဘာ ၃၁ရက်တွင် စီမံကိန်းလုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်း၊ ဤတံတားဖြစ်ပေါ်လာရသည့် အကြောင်းရင်းမှာ မူလတံတားသည် ယာဉ်တစ်စီးချင်း ၁၃တန်ခံနိုင်ဝန်ရှိသည့် တစ်လမ်းသွား ဘေလီတံတားလေးပင် ဖြစ်ကြောင်း၊ တည်ဆောက်နေသည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသွားလျှင် သိုလှောင်မည့် ရေပမာဏအရ မူလတံတားအတိုင်းထားလျှင် ရေနစ်မြုပ်သွားမည် ဖြစ်သည့်အတွက် ယခုကဲ့သို့ တံတားအမြင့်ကို မြှင့်ပြီး သံမဏိသံပေါင်ကြိုးတံတား၊ တံတားအရှည် ပေ ၁၇၆၀၊ တံတားအကျယ် ၃၄ ပေ (ယာဉ်သွားလမ်း ၂၈ ပေ + လူသွားလမ်း တစ်ဖက် ၃ ပေစီ) ဖြင့် အသစ်တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း၊ တိုးချဲ့တည်ဆောက်ထားသည့် လမ်းနှင့်လိုက်လျောညီစွာ ယာဉ်တစ်စီးချင်း ၇၅တန် ခံနိုင်ဝန်ရှိသည့် လိန်းလီတံတားသည် မြန်မာပြည်တွင် အမြင့်ဆုံးတံတားတစ်စင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဤလမ်းပေါ်တွင်ရှိသော လိန်းလီတံတားကို မကြာခင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း။

ကိုယ့်အားကိုယ်ကိုး

ယခုကဲ့သို့ နိုင်ငံတော်က လမ်းတံတားများကို အရင်းအနှီးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်နေခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာပြီး နယ်မြေအစိတ်အပိုင်းဒေသအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖြစ်ထွန်းတိုးတက်လာစေရန်ဖြစ်ကြောင်း၊ ဒေသ၏ စီးပွားရေးဘဝ တိုးတက်စည်ပင်လာမှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီးများ နေပြည်တော်တပ်ကုန်း ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)အပိုင်း ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နေပြည်တော်တပ်ကုန်း ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)အပိုင်း ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

(၁) ပေ ၁၁၄၃၁အရှည်ရှိ ဧရာဝတီတံတား (ပခုက္ကူ)၊
(၂) ပေ ၇၄၀၂အရှည်ရှိ ဧရာဝတီတံတား(ညောင်တုန်း)၊
(၃) ပေ ၃၂၁၅အရှည်ရှိ ဧရာဝတီတံတား(မလွန်)၊
(၄) ပေ ၄၆၈၅အရှည်ရှိ ဧရာဝတီတံတား (စင်းခန်း)၊

...စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ...ပ်ကုန်း ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ- ...လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

(၅) ပေ ၂၄၈၀ အရှည်ရှိ ဧရာဝတီတံတား(ရတနာသိင်္ဃ)။

တံတားတို့ပင်ဖြစ်ကြောင်း။

အမြင့်ဆုံးတံတား

ထို့အပြင် ပျဉ်းမနား-ပင်လောင်း လမ်းမိုင်တိုင် ၄၂မိုင် ၆ဖာလုံတွင် ရှိသော ယခု တည်ဆောက်နေသည့် လိန်းလီတံတားကို ၂၀၀၆ခုနှစ် စက်တင်ဘာ ၂၂ရက်တွင် စတင် တည်ဆောက်ခဲ့ပြီး ၂၀၁၀ခုနှစ် အောက်တိုဘာ ၃၁ရက်တွင် စီမံကိန်းလုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်း၊ ဤတံတား ဖြစ်ပေါ်လာရသည့် အကြောင်းရင်းမှာ မူလတံတားသည် ယာဉ်တစ်စီးချင်း ၁၃တန်ခံနိုင်ဝန်ရှိသည့် တစ်လမ်းသွား ဘေလီတံတားလေးပင် ဖြစ်ကြောင်း၊ တည်ဆောက်နေသည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသွားလျှင် သိုလှောင်မည့် ရေပမာဏ အရ မူလတံတားအတိုင်းထားလျှင် ရေနစ်မြုပ်သွားမည် ဖြစ်သည့်အတွက် ယခုကဲ့သို့ တံတားအမြင့်ကို မြှင့်ပြီး သံမဏိသံပေါင်ကြိုးတံတား၊ တံတားအရှည် ပေ ၁၇၆၀၊ တံတားအကျယ် ၃၄ ပေ (ယာဉ်သွားလမ်း ၂၈ ပေ + လူသွားလမ်း တစ်ဖက် ၃ ပေစီ) ဖြင့် အသစ်တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း၊ တိုးချဲ့တည်ဆောက်ထားသည့် လမ်းနှင့်လိုက်လျောညီစွာ ယာဉ်တစ်စီးချင်း ၇၅တန် ခံနိုင်ဝန်ရှိသည့် လိန်းလီတံတားသည် မြန်မာပြည်တွင် အမြင့်ဆုံးတံတားတစ်စင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဤလမ်းပေါ်တွင်ရှိသော လိန်းလီတံတားကို မကြာခင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း။

ကိုယ့်အားကိုယ်ကိုး

ယခုကဲ့သို့ နိုင်ငံတော်က လမ်းတံတားများကို အရင်းအနှီးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်နေခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာပြီး နယ်မြေအစိတ်အပိုင်းဒေသအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖြစ်ထွန်းတိုးတက်လာစေရန်ဖြစ်ကြောင်း၊ ဒေသ၏ စီးပွားရေးဘဝ တိုးတက်စည်ပင်လာမှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ အကြောင်းကြောင်းများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေရသည့် ပြည်နယ်ဒေသများနှင့် တိုင်း ဒေသအချို့တို့ကို လည်း အခြားသော ဖွံ့ဖြိုးတိုးတက်နေကြသည့် ဒေသများနည်းတူ ဖွံ့ဖြိုးလာအောင် အလေးထားဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အကြီးအကဲ၏ စေတနာမွန်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် မည်သူ့အကူအညီအထောက်အပံ့မျှ မပါရှိဘဲ ပြည်တွင်းစွမ်းအားကို အခြေခံပြီး ကိုယ့်အားကိုယ်ကိုးကာ ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ယနေ့ ဖွင့်လှစ်သည့်လမ်းကြီးကို ယခုကဲ့သို့ အဆင့်အတန်းမီမီဖြင့် တည်ဆောက်ပြီးစီးသွားပြီဟူ၍ ကျေနပ်နစ်သိမ့်နေရုံဖြင့် မပြီးသေးကြောင်း၊ ဤလမ်းကြီးကို လက်ရှိအဆင့်အတန်းထက် နိမ့်ကျမသွားစေရန်၊ ရေရှည်အသုံးပြုသွားနိုင်စေရန် ထိန်းသိမ်းကြရန် အရေးကြီးကြောင်း၊ လမ်းဆိုလျှင်လည်း လမ်းအလိုက်၊ တံတားဆိုလျှင်လည်း တံတားအလိုက် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ စည်းကမ်းတကျအသုံးပြုသွားရန် လိုအပ်ကြောင်း၊ ထို့အပြင် ဤလမ်းကြီးသည် နိုင်ငံတော်၏ အကျိုးစီးပွားနှင့်ဆက်စပ်၍ ဒေသ၏အကျိုးစီးပွားကိုလည်း အကျိုးပြုမည်ဖြစ်သည့်အတွက် မိမိဒေသအတွင်းတွင်ရှိသည့် ပြည်သူ့အကျိုးပြု၊ ဒေသအကျိုးပြု ဤလမ်းကြီးကို ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးစေလိုကြောင်း။

ကျေးဇူးတင်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ရရှိထားသော ရလဒ်ကောင်းများကို အခြေခံ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းတည်ဆောက် ဖော်ဆောင်သွားကြပါ။ နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားကာ တည်ဆောက်ပေးခဲ့သော ဤလမ်းကြီး စံချိန်စံညွှန်းမီမီ ရေရှည်တည်တံ့ ခိုင်မြဲအောင် သတ်မှတ်ဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးသွားကြပါဟု တိုက်တွန်းရင်း ဤလမ်းကြီး ပြီးမြောက်အောင်မြင်စွာဖြင့် ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် နေပြည်တော်ပျဉ်းမနား - ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)အပိုင်း ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဖွင့်လှစ်ပေး

ယင်းနောက် မင်္ဂလာအချိန်တွင် ဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဦးမြင့်သိန်းနှင့် ဒေသခံပြည်သူ တစ်ဦးတို့က ကတ္တရာလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ မုခ်ဦးရှေ့၌ စုပေါင်း၍မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့) အပိုင်း ကတ္တရာလမ်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ ကတ္တရာလမ်းမပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

နေပြည်တော် ပျဉ်းမနားမှ ကင်းသာ-ကိုးကွေ့-ယင်းမီှ-ပင်လောင်း လမ်းသည် အရှည် (၆၈/၇)မိုင်ရှိပြီး ယခုဖွင့်လှစ်သည့် နေပြည်တော် ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့)အပိုင်းမှာ အရှည် ၂၀မိုင် ၃ဖာလုံ၊ လမ်းအကျယ် ၁၈ပေရှိသည်။

ယင်းကတ္တရာလမ်း ဖွင့်လှစ်ပေးခဲ့သည့်အတွက် ပြည်နယ်နှင့်တိုင်းအသီးသီးသို့ မြန်မာပြည်အရှေ့မှအနောက်၊ တောင်မှမြောက်သို့ လမ်းကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ဒေသအသီးသီးမှ ထွက်ကုန်များကို နိုင်ငံတစ်ဝန်း ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေးကဏ္ဍများ၌လည်း အဘက်ဘက်မှ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ရက် နံနက်က ခရမ်းမြို့နယ် ကမာကလူကျေးရွာအဝင်လမ်း၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

စိုက်ပျိုးပွဲတွင် ခရမ်းမြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီးနှင့် ဝန်ထမ်းများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြပြီး ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ အော်ရီရှား၊ ဟိုလိုရှား၊ ပျဉ်းမ အစရှိသည့် ပျိုးပင်ပေါင်း ၁၈၀၀ကို စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်တွေ့လေ့ကျင့်သင်ယူ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာရှိ နမ္မတီးအခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ သင်ထောက်ကူပစ္စည်းများဖြင့် လက်တွေ့လေ့ကျင့်သင်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တနိုင်းမြို့တွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရေရှည်တည်တံ့ပြီး ဆောလျင်စွာ အသုံးပြုနိုင်ရန် ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၃၀ရက်က မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာရှိ နမ္မတီး အခြေခံပညာအထက်တန်းကျောင်း မြတ်လေးဆောင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကျောင်းဆောင်အတွင်း ကျောင်းသား ကျောင်းသူများက သင်ထောက်ကူ ပစ္စည်းများဖြင့် လက်တွေ့လေ့ကျင့် သင်ယူနေမှုနှင့် ကျောင်းစာကြည့်တိုက်၌ သုတ၊ ရသ စာအုပ် စာစောင်များ ဖတ်ရှုလေ့လာနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဖားကန့်မြို့နယ် နောင်မီးကျေးရွာအနီးရှိ ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေးကုမ္ပဏီ၏ မိုးစပါး စိုက်ပျိုးရန် ပြင်ဆင်နေသည်များကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်း ဒါရိုက်တာက ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြစ်ကြီးနား-နမ္မတီး-တနိုင်း လမ်းပိုင်းရှိ လမ်းတံတားများ ကြံ့ခိုင်ကောင်းမွန်မှု၊ မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်နေမှု၊ အောင်မြင်ဖြစ်ထွန်းနေသည့် ပီလောပီနံ စိုက်ခင်းများနှင့် ရှုဒူးဇွပ်၊ တိန်ကောက်၊ နန်းဖျုတ် ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တနိုင်းတံတား ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက တံတားကြံ့ခိုင်မှုနှင့် ချဉ်းကပ်လမ်းများ ရေတိုက်စားမှုမှ ကာကွယ်ရန် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူးက မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို မြေပုံ ကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ တနိုင်းမြို့တွင်းလမ်းအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာက လမ်းပိုင်းအလိုက် ခင်းကျင်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လမ်းကို ရေရှည်တည်တံ့စေရန်နှင့် ဒေသခံပြည်သူများ ဆောလျင်စွာ အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကာ မြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျာမနီတို့ ကမ္ဘာ့ဖလားနှင့် လက်တစ်ကမ်းသို့ရောက်လာ မက်ဆီတို့အဖွဲ့ ကမ္ဘာ့ဖလားကို နှုတ်ဆက်ထွက်ခွာ

မြင့်မောင်စိုး စုစည်းရေးသား၍ မာမာစိုး စာမျက်နှာဖွဲ့စည်းသည်

ဂျိုဟန်နစ္စဘတ် ဇူလိုင် ၃

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဇူလိုင် ၃ရက် ညပိုင်းက တောင်အာဖရိကနိုင်ငံ၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ နာမည်ကြီး မက်ဆီနှင့် အာဂျင်တီးနားအသင်းကို ဂျာမနီက ဂိုးပြတ်သွင်းယူပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဂျာမနီနှင့် အာဂျင်တီးနားတို့သည် ကိတ်ဗ်တောင်းမြို့ ဂရင်းပွိုင့်အားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပွဲကြီးပွဲကောင်း ပြိုင်ပွဲဖြစ်သည့်အလျောက် ပရိသတ် ၆၄၁၀၀ တက်ရောက်အားပေးကြည့်ရှုခဲ့ကြသည်။

ပွဲစသည်နှင့် ဂျာမနီက စတင်ထိုးဖောက်သည်။ ပွဲစပြီး သုံးမိနစ်အကြာ ရှဝိန့်စတိုက်ဂါက အာဂျင်တီးနားဂိုးရှေ့ဘယ်တောင်ပံမှ အလွတ်တည်ကန်ဘော ကန်တင်လိုက်ရာ ဂျာမနီကစားသမား သောမတ်စ်မူလာ ခေါင်းတိုက်ဂိုး သွင်းယူလိုက်သဖြင့် ဂျာမနီတို့ အဖွင့်ဂိုးရခဲ့သည်။

ပွဲချိန် ၃၃မိနစ်တွင် အာဂျင်တီးနားတို့ ချေပဂိုးသွင်းယူနိုင်ရေး စတင်တန်ပြန်တိုက်စစ်ဆင် ကစားသည်။ သို့သော် ဂျာမနီနောက်တန်းမှ ဖီးလစ်လမ်းတို့အဖွဲ့ကို ခက်ခဲစွာ ထိုးဖောက်ကစားရသဖြင့် အာဂျင်တီးနား တိုက်စစ်မှူးများ ဂိုးပေါက်ရှာမရ ဖြစ်ခဲ့ရသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိုးဖောက်ကစားခဲ့ကြရာ ပွဲချိန် ၆၈မိနစ်တွင် ပိုဒေါစကီး ဖြတ်တင်ဘောမှတစ်ဆင့် ကလိုဆေးက ဒုတိယ အနိုင်ဂိုးသွင်းယူခဲ့သည်။ အာဂျင်တီးနားတို့ နှစ်ဂိုး သွင်းယူခံထားရသဖြင့် တိုက်စစ်မှ ခံစစ်ပြန်ပြောင်းကစားချိန် ဂျာမနီက အာဂျင်တီးနားနောက်တန်းကို ပြန်လည်ခြိမ်းခြောက်ကစားခဲ့ရာ ပွဲချိန် ၇၄မိနစ်တွင် ရှဝိန့်စတိုက်ဂါ၏ ဖြတ်တင်ဘောမှတစ်ဆင့် ဖရက်ဒရစ်က ဂျာမနီအသင်းအတွက် တတိယအနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ပွဲပြီးရန် တစ်မိနစ်အလိုတွင် အိုဇီးလ် အကွက်ဆင်ပေးလိုက်သော ဘောလုံးမှတစ်ဆင့် တိုက်စစ်မှူး ကလိုဆေးက စတုတ္ထပွဲသိမ်းအနိုင်ဂိုး သွင်းယူခဲ့သည်။ ဂျာမနီအသင်းသည် အုပ်စုအဖွင့်ပွဲတွင် ဩစတြေးလျကို နိုင်ခဲ့သည့်ခြေစွမ်းအတိုင်း လျင်လျင်မြန်မြန် တိတိကျကျ အကွက်လှလှ ထိုးဖောက်ကစားခဲ့သည်။ ထို့ကြောင့် ဂျာမနီတို့ အဖွင့်ပွဲရလဒ်အတိုင်း လေးဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ကမ္ဘာ့ဖလားနှင့် လက်တစ်ကမ်းဆီသို့ ရောက်ရှိသွားပြီဖြစ်သည်။ **(အင်တာနက်)**

ဂျာမနီအသင်းအတွက် စတုတ္ထပွဲသိမ်းအနိုင်ဂိုးကို ကလိုဆေးက ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အစီရင်ခံစာ

မြင့်အောင် (ဇေယျာမြေ)

သူငယ်ချင်း…

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ (UN International Day of Co-operatives)ကို ရောက်လာပြန်ပြီနော်။ နှစ်စဉ်ဇူလိုင်လရဲ့ ပထမ စနေနေ့ (First Saturday of July Each Year)ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့တာ မင်းလည်းသိပါတယ်။ ၁၉၉၄ခုနှစ်မှာ ကျင်းပတဲ့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ (၄၉)ကြိမ်မြောက် အထွေထွေညီလာခံမှာ အထွေထွေအတွင်းရေးမှူးချုပ် တင်သွင်းတဲ့ **'ပြောင်းလဲတိုးတက်နေသော စီးပွားရေးနှင့်လူမှုရေး အလားအလာသစ်များအတွင်းမှ သမဝါယမ၏အခန်းကဏ္ဍ'** ဆိုတဲ့ စာတမ်းကို အသိအမှတ်ပြုတဲ့အနေနဲ့ရော၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးမှ သမဝါယမများကိုချီးမြှောက်ဂုဏ်ပြုတဲ့အနေနဲ့ပါ **'အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့'** အဖြစ် သတ်မှတ်ပေးခဲ့တယ် မဟုတ်လား။

သူငယ်ချင်း…

မင်းက သမဝါယမဦးစီးဌာန ဝန်ထမ်းအဖြစ်နဲ့ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသလို ငါကလည်း သမဝါယမအသင်းသားအဖြစ်နဲ့ ငါတို့နိုင်ငံတော်ရဲ့ စီးပွားရေးတည်ဆောက်မှုလုပ်ငန်းတွေမှာ တစ်ဖက်တစ်လမ်းက ကြိုးပမ်းဆောင်ရွက်နေတာ မင်းအသိပါ။ ဒီလိုဟန်ချက်ညီညီနဲ့ လက်တွဲဆောင်ရွက်တယ်ဆိုတာလည်း သမဝါယမရဲ့ သမိုင်းကြောင်းတွေ၊ အနှစ်သာရနဲ့ တန်ဖိုးတွေကို နားလည်သဘောပေါက်နေလို့ဖြစ်ပါတယ်။ ဒါကြောင့်လည်း မင်းနဲ့ငါဆုံတုန်းက ဆွေးနွေးခဲ့သမျှတွေ အခုတစ်ဆင့်ဖြန့်ဝေနေတာ မင်းနားလည်မှာပါ။ မှန်ပါတယ်။ မင်းပြောသလိုပဲ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ၁၉၉၄ခုနှစ်က စတင်သတ်မှတ်ခဲ့တာကြောင့် ငါတို့နိုင်ငံမှာလည်း နိုင်ငံတကာမှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများနည်းတူ ၁၉၉၅ခုနှစ်ကစပြီး ကျင်းပလာခဲ့တာ အခုဆိုရင် (၁၆)ကြိမ်မြောက် ရှိပြီပေါ့နော်။ တစ်ခါ ၁၉၉၅ခုနှစ်ဆိုတာကလည်း အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Co-operative Alliance-ICA)ရဲ့ **'ရာပြည့်'** နှစ်ပဲမဟုတ်လား။ ဘာလို့လဲဆိုတော့ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်(ICA)ကို ၁၈၉၅ ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့ ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှာ စတင်ဖွဲ့စည်းခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းရာမှာလည်း ၁၈၄၄ ခုနှစ် ဗြိတိန်နိုင်ငံ ရော့ခ်ဒေးရှေ့ဆောင်လမ်းပြ သမဝါယမအသင်း စတင်ပေါ်ပေါက်ခဲ့ချိန်ကစပြီး ပြန့်ပွားဖွဲ့စည်းခဲ့ကြတဲ့ နိုင်ငံအသီးသီးရှိ သမဝါယမအသင်းများ အချင်းချင်း ရင်းနှီးစွာဆက်ဆံကြရန်နဲ့ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်စေရန်ဆိုပြီး မွန်မြတ်တဲ့ရည်ရွယ်ချက်တွေ ထားရှိခဲ့တယ်ဆိုတာ မင်းတို့ ငါတို့ အသိမဟုတ်လား။

သူငယ်ချင်း…

ဒီလိုမွန်မြတ်ကောင်းမွန်တဲ့ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းထားတဲ့အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီးရဲ့ ရာပြည့်အခမ်းအနားကို ၂၀-၉-၉၅ရက်မှ ၂၃-၉-၉၅ ရက်အထိ ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့မှာ ကျင်းပခဲ့ကြတယ်လေ။ မွန်မြတ်တဲ့ရည်ရွယ်ချက်တွေရှိနေတဲ့အတွက်ကြောင့်လည်း ငါတို့ သမဝါယမအသင်းအဆင့်ဆင့်က အမြင့်ဆုံးအသင်းဖြစ်တဲ့ ဗဟိုသမဝါယမအသင်းအနေနဲ့ အပြည်ပြည်ဆိုင်ရာ သမဝါယမလှုပ်ရှားမှုများမှာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေဖို့ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုချက်နဲ့ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကို ၇-၉-၁၉၉၃ရက်မှာ အသင်းဝင်အဖြစ်ဝင်ရောက်ခဲ့တာဖြစ်တယ် သူငယ်ချင်းရေ။ အခုဆိုရင် ငါတို့နိုင်ငံနဲ့လိုက်လျောညီထွေဖြစ်မယ့် ဈေးကွက်စီးပွားရေးစနစ်နဲ့ ဆီလျော်အောင် ဖွဲ့စည်းဆောင်ရွက်နေတယ်ဆိုတာ မင်းလည်းသိပါတယ်။ မင်းပြောပြချက်အရ အခုလက်ရှိအနေအထားမှာ အခြေခံသမဝါယမအသင်း ၁၁၂၈၅သင်း၊ သမဝါယမအသင်းစု ၅၁၈သင်း၊ သမဝါယမအသင်းစုချုပ်အသင်း၂၀နဲ့ ဗဟိုသမဝါယမအသင်းတစ်သင်း စုစုပေါင်း ၁၁၈၂၄သင်း ရှိနေပြီဆိုတာ သိခဲ့ရပါတယ်။

သူငယ်ချင်း…

ကမ္ဘာ့သမဝါယမလှုပ်ရှားမှုအနေနဲ့ ပထမဆုံး အောင်မြင်စွာဖွဲ့စည်းခဲ့တဲ့ ရော့ခ်ဒေးရှေ့ဆောင်လမ်းပြ သမဝါယမအသင်းဟာ ၁၈၄၄ခုနှစ်က စတင်ခဲ့တာ ဖြစ်တဲ့အတွက် အခုဆိုရင် နှစ်ပေါင်း ၁၆၆နှစ်ကျော်ရှိပြီပေါ့။ တစ်ခါ မင်းတို့ ငါတို့ မြန်မာနိုင်ငံမှာ သမဝါယမလှုပ်ရှားမှု စတင်သန္ဓေတည်ခဲ့တဲ့ **'မြင်းမူမြို့နယ် ငွေစုငွေချေး သမဝါယမအသင်း'** ကတော့ ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့မှာ စတင်ခဲ့တာဖြစ်တဲ့အတွက် အခုဆိုရင် သက်တမ်း၁၀၅နှစ်ကျော်ရှိပြီပေါ့ သူငယ်ချင်းရာ။ **'မြန်မာ့သမဝါယမ အစ မြင်းမူက'** လို့ ဆိုနိုင်တယ်မဟုတ်လား။ ဒီလို သမိုင်းသက်သေ တည်တံ့စေဖို့အတွက်လည်း အခုဆိုရင် စစ်ကိုင်းတိုင်း မြင်းမူမြို့မှာ **'သမဝါယမမော်ကွန်းကျောက်စာတိုင်'** ကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ပြီးဖြစ်လို့ သမဝါယမလောကသားတွေအားလုံး ဂုဏ်ယူဝင့်ကြွားစရာ တစ်ရပ်ပေါ့ကွာ။

သူငယ်ချင်း…

သမဝါယမဆိုတာ အနှစ်ချုပ်စကားနဲ့ အထင်ရှားဆုံးပြောရမယ်ဆိုရင် **'ညီညွတ်မျှတတဲ့ လူမှုစီးပွားရေးဘဝကို တည်ဆောက်နိုင်ရန် ပေါ်ပေါက်လာတဲ့လုပ်ငန်းစဉ်'** သာ ဖြစ်တယ်လို့ တဖွဖွပြောခဲ့တဲ့ မင်းရဲ့စကားတွေကို အခုထိ မှတ်မိနေတုန်းပါပဲ။ ပြီးတော့လည်း သမဝါယမလုပ်ငန်းစဉ်များအနေနဲ့ ဒီလို သက်တမ်းရာကျော် ရှင်သန်ရပ်တည်နိုင်ခဲ့တယ်ဆိုတာ သမဝါယမရဲ့ ထူးခြားရှင်သန်နေတဲ့ တွေးခေါ်ယူဆချက် အနှစ်သာရ၊ ကျင့်ဝတ်တို့အပြင် ခေတ်နဲ့တစ်ပြေးညီ ပြုပြင်ပြောင်းလဲကျင့်သုံးနိုင်စွမ်းရှိတဲ့ သမဝါယမအခြေခံမူများကြောင့် မဟုတ်လား။ ငါလည်း မင်းနဲ့တွေ့ပြီးနောက်ပိုင်းမှာ စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်မှာ ဇမ္ဗူထိပ်ခေါင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းကို စနစ်တကျဖွဲ့စည်းပြီး စေတနာမှန်နဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့တယ်လေ။ ငါတို့အသင်းကြီးဟာ အသင်းသားတောင်သူလယ်သမားတွေကို ရာသီအလိုက် သီးနှံမျိုးစေ့တွေထုတ်ပေးခြင်း၊ သူတို့ဆီက ထုတ်လုပ်ထွက်ရှိလာတဲ့ သီးနှံတွေကို ဈေးကွက်တင်ပေးခြင်းနဲ့ ငွေကြေးလိုအပ်မှုအတွက်လည်း ဝန်ဆောင်မှု အသက်သာဆုံးနဲ့ ချေးငွေအဖြစ် ထုတ်ပေးတာမျိုးတွေ လုပ်ပေးပါတယ်။ အသင်းသားတွေကလည်း ချွေတာစုဆောင်းမှုများအဖြစ် စုဆောင်းကြတဲ့အတွက် အသင်းနဲ့အသင်းသားများ အပြန်အလှန်အကျိုးရှိတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း စိုက်ပျိုးချိန်နီးလာရင် မျိုးစေ့အတွက် ပူပန်ရတဲ့ဒုက္ခ၊ စိုက်ပျိုးစရိတ်မရှိလို့ ပူပန်ရတဲ့သောကတွေကင်းဝေးပြီး ချွေတာစုဆောင်းတတ်တဲ့ အလေ့အကျင့်ကောင်းတွေ ရရှိလာကြတယ်လေ။ ဒါတွေဟာ သမဝါယမရဲ့အသီးအပွင့်တွေထဲက တစ်ခုမဟုတ်လား။ ဒါကို ဘာလို့ထည့်ပြောရသလဲဆိုရင် သမဝါယမလုပ်ငန်းစဉ်၊ နည်းစနစ်နဲ့ ကျင့်ဝတ်အတိုင်းသာ ဆောင်ရွက်ကြမယ်ဆိုရင် လူမှုအကျိုးစီးပွားကို အမှန်တကယ် အထောက်အကူပြုတာ၊ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက အကျိုးပြုတာ ထင်ရှားစေချင်လို့ပါ သူငယ်ချင်းရာ။ ဒီအသင်းကြီးလိုပဲ နိုင်ငံအနှံ့၊ ဒေသအနှံ့ သမဝါယမတွေမှာလည်း ကုန်ထုတ်၊ ဝန်ဆောင်၊ ကုန်သွယ်ကဏ္ဍအသီးသီး ဆောင်ရွက်မှုတွေနဲ့ အကျိုးပြုနေတာ မဟုတ်လား။

သူငယ်ချင်း…

ဒီလို အသင်းသားပြည်သူတွေနဲ့ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းတဲ့ အင်္ဂါရပ်တွေရှိတာကြောင့် ငါတို့နိုင်ငံတော်ရဲ့ **'၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ'** မှာ သမဝါယမရဲ့အခန်းကဏ္ဍနဲ့ပတ်သက်လို့ တိကျစွာ ပြဋ္ဌာန်းပေးထားတာ တွေ့ရမှာဖြစ်ပါတယ်။ [အခန်း (၁)-နိုင်ငံတော်အခြေခံမူများ]၊ ပုဒ်မ(၃၆)(က)မှာ-

'အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်' ဟု ဖော်ပြထားတာ တွေ့ရမှာဖြစ်ပါတယ်။

ဒါဟာ ငါတို့သမဝါယမလုပ်ငန်းစဉ်နည်းစနစ်တွေကို ကျင့်ဝတ်နဲ့ အနှစ်သာရတွေအပေါ် အခြေပြု ကြိုးစားဖော်ဆောင်ခြင်းဖြင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြဖို့ မီးမောင်းထိုးပြလိုက်တာပဲလို့ အလေးအနက်ခံယူမိပါတယ်ကွာ။ မင်းတို့ ငါတို့ သမဝါယမ မိသားစုတွေအနေနဲ့ အမိမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာမှာ သမဝါယမနည်းလမ်းများအရ တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်ဖို့ဆိုရင် မင်းတို့ ငါတို့ လက်တွဲညီညီ၊ ဟန်ချက်ညီညီစုစည်းကြဖို့ အဓိကပဲမဟုတ်လား။ ဒါကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် မင်းတို့ ငါတို့ သမဝါယမ မိသားစုများအနေနဲ့က ပြည်သူတွေနဲ့အတူ ဝိုင်းဝန်းကြိုးပမ်း လျှောက်လှမ်းကြပါစို့လို့ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့မှာ အလေးအနက် အစီရင်ခံပြု နှိုးဆော်လိုက်ပါတယ်ကွာ။ ။

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရန်ကုန်တိုင်း ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင် ကျောင်းသူလေးများက **အင်အားသစ်များနှင့်အတူ** သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အမှာစကားပြောကြား

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်က မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ချီးမြှင့်

ယင်းနောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ရန်ကုန်တိုင်းအတွင်းရှိ ဂုဏ်ထူးဆောင်၊ လူမှုရေးနှင့် ပညာရေး နယ်ပယ်အသီးသီးတို့မှ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင် ကျောင်းသူလေးများက **အမျိုးသမီးတို့၏ အားမာန်** သီချင်းကို သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(အပေါ်ယာပုံ)**

ကြည့်ရှု

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ပြည်သူ့အကျိုးပြုလုပ်ရှားမှုနှင့် ထူးချွန်အမျိုးသမီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင်တို့ကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

ဇွန် ၁၆ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝန်းထမ်းများ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် အင်ဂျင်နီယာမှူး ဦးကျုံးလျှန်ဗွိုင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၄-၇-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနှားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၃၅	၄။	ကာတွန်းအစီအစဉ် **အမွှာစုံထောက်** (အပိုင်း-၁၈)
၁၁:၄၀	၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရှိနေတဲ့မြို့**
၁၂:၃၀	၆။	ကျန်းမာသုတ
၂:၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၄၉)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၃၅	၅။	မြန်မာသံစဉ်ချိုနှားဝင်
၄:၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၄:၅၅	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၉။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၀။	ဘဝကြေးမုံ **ရောင်းကုန်** သာထက်ပိုင်၊ခိုင်ပွင့်၊ရည်အောင်၊နိုင်ဇော် (ဒါရိုက်တာ-အာယု)
၆:၅၀	၁၁။	ဂင်းနက်စ် ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၂၅)
၈:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	နိုင်ငံတကာသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ကျန်းမာသုတ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း** (အပိုင်း-၅၇)
	၂၁။	**လင်းရောင်စဉ်အတွက်ပုံရိပ်များ** (အပိုင်း-၇)

မြန်မာအမျိုးသမီးများ သမိုင်းစဉ်တစ်လျှောက်စံနမူနာပြအဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့

ယနေ့ထက်တိုင် ကျရာတာဝန်များ ကျေပွန်စွာ ပါဝင်ဆောင်ရွက်လျက်ရှိ မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးရာ၌ စွမ်းစွမ်းတမံ ထမ်းဆောင်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင် ၂၀၁၀ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် ၂၀၁၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ဒက္ခိဏ သီရိမြို့နယ်ရှိ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း ၂၀၀၈ခုနှစ် အမျိုးသား စာပေဆုရ အမျိုးသမီး စာရေးဆရာမ ဒေါ်ကြူကြူသင်းအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချီးမြှင့်သော ဂုဏ်ပြုဆုကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ ဖြစ်ကြသည့် ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိနှင့် ဒေါ်မြသီဂီ၊ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် စစ်သံမှူးများ၏ ဇနီးများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်က အမှာစကား ပြောကြားရာတွင် မိမိတို့ မြန်မာအမျိုးသမီးများသည် သမိုင်းအစဉ်အလာကောင်းသူများ ဖြစ်ကြကြောင်း၊ မိခင်စိတ်ဓာတ်နှင့် မေတ္တာတရားရှေ့ထားပြီး အများအကျိုးကို ကျရာနေရာမှ ကျေပွန်စွာထမ်းဆောင်နိုင်သည့် အရည်အချင်းရှိသူများဖြစ်သည်နှင့်အညီ မိမိတို့ မြန်မာအမျိုးသမီးများသည် အိမ်ထောင့်တာဝန်ကစပြီး တိုင်းကျိုးပြည်ပြု လုပ်ငန်းများအထိ အမျိုးသားများနှင့်တန်းတူရည်တူ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများသည် မည်ကဲ့သို့သော အခက်အခဲအခြေအနေမျိုးကိုမဆို ဖွဲ့သတ္တိ၊ ရဲရင့်မှု၊ စိတ်ဓာတ် ခိုင်မာမှုတို့ဖြင့် အောင်မြင်အောင် ကျော်လွှားနိုင်ခဲ့ကြသည့် အစဉ်အလာကောင်းများလည်းရှိကြောင်း။

ပြဋ္ဌာန်းပေးခဲ့

နိုင်ငံတော်အစိုးရအနေဖြင့် သမိုင်းအစဉ်အလာကောင်းသည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဘဝပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ဦးဆောင်လမ်းညွှန်ဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ဇူလိုင်လ ၃ရက်နေ့ကိုပင် **"မြန်မာအမျိုးသမီးများနေ့"**အဖြစ် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ ထို့ကြောင့် ယနေ့ ဇူလိုင်လ၃ရက်နေ့တွင် ကျရောက်သည့် "မြန်မာအမျိုးသမီးများနေ့"အခမ်းအနားသည် လေးနက်ပြီး အနှစ်သာရပြည့်ဝသည့် အခမ်းအနားဖြစ်ကြောင်း ပြောကြားလိုကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် အမျိုးသားအဆင့် ယန္တရား(National Mechanism)တစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ရာတွင် အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသမီးများ ကိုယ်တိုင်ဦးဆောင်သည့် အင်အားစု တစ်ရပ်ဖွဲ့စည်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းသဘာဝချင်း တူညီသည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တာဝန်ယူဆောင်ရွက်ရန်၊ မြန်မာအမျိုးသမီးများကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများတွင် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကိုဖွဲ့စည်းရာတွင် မြန်မာအမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဦးတည်သည့် မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက် (၇)ရပ်ဖြင့် ချမှတ်ဖွဲ့စည်းခဲ့ပါကြောင်း။

ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာ အဆင့်အထိ အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းထားပြီး မြန်မာအမျိုးသမီးများ၏ဘဝ လှပရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဤသို့အမျိုးသမီးများအတွက် မွန်မြတ်တဲ့လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်မှုတို့ကြောင့် မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည့် ခြောက်နှစ်ကျော်ကာလအတွင်း အဖွဲ့ဝင်အင်အား ၅၁သမ ၁သန်းခန့် ရှိနေပြီဖြစ်ကြောင်း။

အမျိုးသမီးများဘဝ လုံခြုံရေးကဏ္ဍတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းတို့နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဟောပြောခြင်း၊ ပညာပေးဌာနများဖွင့်လှစ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်သည့်အပြင် ပြည်နယ်နှင့်တိုင်းများတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် သင်တန်းများပေးခြင်း၊ လူကုန်ကူးခံရသူ အမျိုးသမီးငယ်များကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည် ဝင်ဆံ့အောင် ပြုစုပျိုးထောင်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးပြီး အလုပ်အကိုင်၊ အခွင့်အလမ်းများရှာဖွေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း။

ပံ့ပိုးကူညီ

အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ပညာရည်မြှင့်တင်ရေး အစီအစဉ်များကို ဆောင်ရွက်ရာတွင် နှစ်စဉ်ပညာသင်စရိတ်များ၊ သင်ထောက်ကူပစ္စည်းများဖြင့် ပံ့ပိုးကူညီထောက်ပံ့နေသကဲ့သို့ ကျောင်းပြင်ပ ပညာရေး၊ စာတတ်မြောက်ရေး၊ စဉ်ဆက်မပြတ်ပညာရေး အစရှိသည့် ကဏ္ဍများတွင်လည်း တိုးမြှင့်ခိုင်မာအောင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်း အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမျိုးသမီးများ၏ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာပေးရေး၊ HIV/ AIDS ရောဂါ ကူးစက်မှုတားဆီးကာကွယ်ရေး အသိပညာပေးရေး၊ အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ရေးနှင့် နှစ်သိမ့်ဆွေးနွေးမှု လုပ်ငန်းများကိုလည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသမီးများ၏လူနေမှုဘဝမြှင့်တင်ရေးအတွက် အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်းအပြင် ဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် ဆင်းရဲမှု ပပျောက်ရေးအတွက် အထောက်အကူပြုစေရန် အသေးစားချေးငွေများနှင့် အသေးစား မတည်ငွေများကို ပြည်နယ်၊ တိုင်းအသီးသီးရှိ အထူးလိုအပ်နေသော အမျိုးသမီးများအား ပံ့ပိုးကူညီလျက်ရှိကြောင်း။

ပညာပေးစည်းရုံး

ထို့အပြင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏လမ်းညွှန်မှုဖြင့် ပြည်နယ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ယဉ်ကျေးမှုအစဉ်အလာ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများတွင်လည်း ပညာပေးစည်းရုံးလှုပ်ရှား ဆောင်ရွက်လျက်ရှိပါကြောင်း။

စံနမူနာပြ

နိဂုံးချုပ်အနေဖြင့် မြန်မာအမျိုးသမီးများသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားအောင် စံနမူနာပြအဖြစ် ကြိုးပမ်းရာတွင်လည်းကောင်း၊ မြန်မာ့လူ့ဘောင် ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးရာတွင်လည်းကောင်း၊ နောင်တစ်ခေတ်၏ ခေါင်းဆောင်ကောင်းများဖြစ်ရန် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးရာတွင်လည်းကောင်း အသီးသီး စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ရုံသာမက ယနေ့ထက်တိုင်လည်း ကျရာတာဝန်များကို ကျေပွန်စွာ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် မြန်မာအမျိုးသမီးထုကြီး၏ စွမ်းပကားကို သမိုင်းမော်ကွန်းတင်ကာ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် နာယကဒေါ်နီနီဝင်းက ၂၀၀၈ခုနှစ် အမျိုးသား စာပေဆုရ အမျိုးသမီးစာရေးဆရာမ ဒေါ်ကြူကြူသင်း၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အောင်မှတ်အများဆုံးရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မမြတ်ဆုစံ၊ ၂၀၀၉ခုနှစ် ထူးချွန်အမျိုးသမီး ရဲတပ်ဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အင်းစိန်မှုခင်းဌာနမှ ရဲအုပ်မြင့်မြင့်တင်နှင့် ၂၀၀၉ခုနှစ် ထူးချွန်အမျိုးသမီးကြက်ခြေနီတပ်ဖွဲ့ဝင် ပဲခူးတိုင်း (အနောက်)ပြည်မြို့မှ ဒေါ်နီနီမိုးတို့အား မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ချီးမြှင့်သော ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် နာယက ဒေါ်ခင်မိမိက ၂၀၀၉ခုနှစ် ထူးချွန်အားကစားမယ် ရန်ကုန်တိုင်း သုဝဏ္ဏအားကစားရုံမှ မကြူကြူသင်း၊ ၂၀၀၉ခုနှစ် ထူးချွန် မသန်စွမ်းအားကစားမယ် မအေးအေးမူ၊ ၂၀၀၉ခုနှစ် ထူးချွန်အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင် နေပြည်တော် ဗဟိုမီးသတ်စခန်းမှ တပ်ကြပ်ကြီး မော်လီဆွေနှင့် ၂၀၀၉ခုနှစ် အကြိမ် (၆၀)အထက် အများဆုံးသွေးလှူရှင် ပညာရေးဝန်ကြီးဌာန အမှတ် (၃)အခြေခံပညာဦးစီးဌာန ဗိုလ်တထောင်မြို့နယ် အမှတ် (၅)အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ယုယုဝေတို့အား မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်က ချီးမြှင့်သော ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဓာတ်ပုံပြိုင်ပွဲ

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် နာယက ဒေါ်မြသီဂီက မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခဲ့သော "မျိုးဂုဏ်ဝင့်ကြွား မြန်မာအမျိုးသမီးများ" ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ အေးကေမိုး (သတ္တဗေဒ)၊ ဒုတိယဆုရဦးကိုကိုခိုင်(ပြန်/ဆက်)၊ တတိယဆုရ လှိုင်သန်းတင့် (ရွှေပန်းချီ-ရမည်းသင်း)နှင့် အထူးဆုရရှိကြသူများ ကိုယ်စား ထွန်းထွန်းအေးနှင့် စောအောင်မင်း (နယူးအာရှဓာတ်ပုံ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့်ကျင်းပခဲ့သော **"ကမ္ဘာတစ်လွှားဝင့်ကာကြွား တို့မြန်မာ အမျိုးသမီးများ"** ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်စုစုခိုင်၊ ဒုတိယဆုရ ဦးတင်ထွန်း (ချယ်ရီမြေ မောင်တင်ထွန်း)နှင့် တတိယဆုရ ဒေါ်အေးမြတ်မြတ် (အေးမြတ်မြတ်-နိုင်ငံခြားဘာသာ တက္ကသိုလ်)တို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ၂၀၀၉ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား မှတ်တမ်း ဓာတ်ပုံများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ထူးချွန်ဆုရ အမျိုးသမီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှု မှတ်တမ်းတင်ဓာတ်ပုံများ၊ ပြိုင်ပွဲဝင်ဆုရ ဓာတ်ပုံများနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးအဖွဲ့များ၏ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

မုတ်သုံလေ အားကောင်းနေမည်

နေပြည်တော် ဇူလိုင် ၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၄ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဥရုဂွေးတို့ ကံဖေးမ၍ အကြိုဗိုလ်လုပွဲတက်ရောက်

အာဖရိကမဟူရာကြယ်ပွင့်တို့ အမှောင်လွှမ်းခဲ့ရ

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇူလိုင် ၃

ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိရာ ဥရုဂွေးနှင့်ဂါနာတို့ ဇူလိုင် ၂ရက်က ယှဉ်ပြိုင်ကစားသည့်ပွဲ၌ ဥရုဂွေးက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်သည်။

အသာစီးရ

ဥရုဂွေးအသင်းသည် ဖော်လန်နှင့် ဆွာရက်ဇ်ကို တိုက်စစ်တွင် တင်ကာ ဖာနန်ဒက်နှင့် ကာဗာနီတို့ကို တောင်ပံများ၌ တာဝန်ပေး ကစားစေခဲ့သည်။ ဂါနာတို့က ဂျီယန်ကို တိုက်စစ်များ ဦးထားကာ အင်ကွန်၊ မွန်တာရီ၊ အာဆာမိုရ်နှင့် ဘိုတန်တို့ကို တိုက်စစ်၌ ဝိုင်းရံ ထိုးဖောက်ရန် စီစဉ်ခဲ့သည်။ ဥရုဂွေးတို့ ပွဲအစ၌ပင် ကစားကွက်အသာစီးရရှိကာ ဂါနာနောက်တန်းကို ထိုးဖောက်နိုင်ခဲ့သည်။

လွဲချော်

ဥရုဂွေးတိုက်စစ်မှူးများက ဂါနာနောက်တန်းကို အစပိုင်းအချိန်များ၌ပင် မနားတမ်းထိုးဖောက်ကစားခဲ့ရာ ထောင့်ကန်ဘောများ အကြိမ်ကြိမ်ရရှိခဲ့သော်လည်း လွဲချော်မှုများဖြစ်ခဲ့သဖြင့် ဂိုးမရရှိခဲ့ချေ။ ဒီဂိုဖော်လန်နှင့် ဆွာရက်ဇ်တို့၏ ကန်သွင်းချက်များကိုလည်း ဂါနာဂိုးသမားကာကွယ်သွားနိုင်ခဲ့သည်။

ဂိုးသွင်း

ဂါနာတို့က ဥရုဂွေးတိုက်စစ်ကို ဟန့်တားရင်း အခွင့်အရေးရသည်နှင့် ထိုးဖောက်ဂိုးသွင်းခွင့်ရရန် ကြိုးစားခဲ့ရာ ၄၅မိနစ်၌ ဂါနာ တိုက်စစ်မှူး မွန်တာရီ ၃၅ကိုက်အကွာမှ ကန်သွင်းချက်ဖြင့် ဂိုးဝင်သွားရာ ဥရုဂွေးတို့ အဖွင့်ဂိုး ပေးခဲ့ရသည်။ ပထမပိုင်း ပွဲချိန်အတွင်း ဂါနာတို့ တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ချေပဂိုး

ဒုတိယပိုင်းပွဲချိန်အတွင်း ဥရုဂွေးတို့ ချေပဂိုး ရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၅၅မိနစ်၌ ဥရုဂွေးတို့ အလွတ်တည်ကန်ဘော ရရှိခဲ့သည်။ ၂၅ကိုက်အကွာမှ ရရှိခဲ့သည့် ယင်းအလွတ်တည်ကန်ဘောကို တိုက်စစ်မှူး ဖော်လန်ကန်သွင်းယူခဲ့ရာမှ ချေပဂိုး ရရှိခဲ့သည်။ ထို့နောက် ဥရုဂွေးတို့ အနိုင်ဂိုးထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း ဂါနာတို့ ကစားအားတင်ခဲ့မှုကြောင့် ထင်တိုင်းမပေါက်ခဲ့ချေ။ ပွဲချိန် မိနစ်၉၀အထိ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရာ အချိန်ပို မိနစ်၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရသည်။

အနီကတ်

အချိန်ပို မိနစ် ၃၀အတွင်း နှစ်သင်းစလုံး ဂိုးသွင်းခွင့် အခွင့်အရေးကောင်းများ ရရှိခဲ့သော်လည်း ဂိုးသမားများ ကာကွယ်မှု၊ တိုက်စစ်မှူးများ ဆန္ဒစောနေမှုတို့ကြောင့် နှစ်ဖက်စလုံး ဂိုးမသွင်းနိုင်ခဲ့ချေ။ သို့သော် အချိန်ပို မိနစ် ၃၀ပြည့်ခါနီးတွင် ဂါနာတို့ ကန်သွင်းသည့်ဘောလုံးမှာ ဂိုးဝင်သည့် အနေအထားသို့ အရောက်၌ ဥရုဂွေး တိုက်စစ်မှူး ဆွာရက်ဇ်လက်ဖြင့် ပုတ်ပြီး ကာကွယ်ခဲ့သဖြင့် ကွင်းလယ်ဒိုင်လူကြီးက အနီကတ်တိုက်ရိုက်ပြကာ ဆွာရက်ဇ်ကို ထုတ်ပယ်ခဲ့သည်။ ထို့အပြင် ပယ်နယ်တီလည်း သတ်မှတ်ခဲ့သည်။ ယင်းပယ်နယ်တီကို ဂါနာတိုက်စစ်မှူး ဂျီယန်ကန်သွင်းရာ လွဲချော်ခဲ့သဖြင့် ပယ်နယ်တီ အဆုံးအဖြတ် ယူရန် ဦးတည်ခဲ့ရတော့သည်။

ဥရုဂွေးနှင့်ဂါနာတို့ ကွာတားဖိုင်နယ်ပွဲစဉ်၌ ဂါနာကစားသမား ဂျီယန် (ယာ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။

လေးဂိုး

နှစ်သင်းစလုံး ပယ်နယ်တီကန်သွင်းရာ ဥရုဂွေးက လေးဂိုးဝင်ပြီး ဂါနာတို့ နှစ်ဂိုးသာဝင်ခဲ့သဖြင့် ဥရုဂွေးတို့ အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ အာဖရိက၏ မဟူရာကြယ်ပွင့်တို့ ကမ္ဘာ့ဖလား ခရီးဆက်မရအောင် အမှောင်ဖုံးလွှမ်းခဲ့ရသည်။ ။ **(အင်တာနက်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျေးရွာစာကြည့်တိုက်များ ဖောင်ဒေးရှင်းအတွက် စာအုပ်စာစောင်များလှူဒါန်း

လားရှိုး ဇူလိုင် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျေးရွာစာကြည့်တိုက်များ ဖောင်ဒေးရှင်းအတွက် ပထမအကြိမ်စာအုပ်စာစောင်လှူဒါန်းပွဲကို ဇူလိုင် ၁ရက် နံနက် ၁၀ နာရီက ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

လှူဒါန်း

ဆက်လက်၍ အလှူရှင်ဦးဝင်းလှိုင်ဦးက ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များလှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ အလှူရှင် ၂၉ ဦးက ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းအတွက် စာအုပ်စာစောင်မျိုးစုံ ၆၂၁၆ အုပ် ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် လားရှိုးခရိုင်ဦးစီးအရာရှိ ဦးဝင်းရှိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လစဉ်လှူဒါန်း

လားရှိုးခရိုင်စာကြည့်တိုက်သို့ စာအုပ်စာစောင်တိုးပွားရေးအတွက် လစဉ်အလှူရှင် ၂၇ဦးက မဂ္ဂဇင်း ၁၂အုပ်နှင့် ဂျာနယ်မျိုးစုံ၁၄အုပ်တို့အပြင် ပြည်နယ်ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်စီ မိသားစုက လစဉ်ဂျာနယ်မျိုးစုံ ၁၀စောင်ကိုလည်းကောင်း၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဘုန်းတင့်မိသားစုက မဂ္ဂဇင်းသစ် ငါးအုပ်နှင့် ဂျာနယ်မျိုးစုံ ငါးစောင်ကိုလည်းကောင်း လစဉ်လှူဒါန်းသွားမည်ဖြစ်သည်။

(ပြည်နယ် ပြန်/ဆက်)

အမှာစကားပြောကြား

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန်၂၆ရက်က မြဝတီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး သောင်ရင်းခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း အမှာစကားပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကို ဇူလိုင်၂ရက်က မြို့နယ်ရုံးခန်းမတွင် ပြုလုပ်ရာ အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းက ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်စဉ်။

(၁၂၃)

မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေး မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

ရန်ကုန် ဇူလိုင် ၃

မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေး မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်းတို့ကို ဇွန်၂၉ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၊ မီးသတ်ဦးစီးအရာရှိ ဦးအေးကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာ့လျှပ်စစ်၊ ဈေးတာဝန်ခံ ဦးဝင်းမြင့်၊ ဈေးသာယာရေးဥက္ကဋ္ဌ ဦးအောင်မိုးနှင့် အဖွဲ့ဝင်များက စစ်ဆေးအကြံပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(မြန်မာ့အလင်း)**

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ရွှေကြက်ယက်လမ်း ကတ္တရာခင်းရန် ကျောက်စုဆောင်းထားရှိမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမင်းမောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကလေးဝမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကလေးဝ ဇူလိုင် ၃

ကလေးဝမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၇ရက် နံနက် ၇နာရီခွဲက ကလေးဝမြို့ ဘောလုံးကွင်းအရှေ့ဘက် စက်ရုံ-ဂေါက်ကွင်းလမ်းဘေး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမောင်မောင်နိုင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့များကကျွန်း၊ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ တမာ၊ ယူကလစ်၊ စိန်ပန်း စသည့်ပျိုးပင်ပေါင်း ၅၂၅ ပင်ကို စုပေါင်း စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြောက်ဦး၌ ပညာသင်စရိတ်ထောက်ပံ့ချီးမြှင့်

မြောက်ဦး ဇူလိုင် ၃

ရခိုင်ပြည်နယ် စစ်တွေခရိုင် မြောက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲနှင့် အငယ်တန်းစာရေး ဒေါ်စောဝင်းကြိုင်၏

သမီး ခြောက်ဘာသာဂုဏ်ထူးရှင်အား ဂုဏ်ပြု ဆုချီးမြှင့်ပွဲကို ဇွန်၁၅ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သန်းလင်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဝန်ထမ်းသားသမီးများ ကိုယ်စား ဒုတိယဦးစီးမှူး ဦးရဲမင်းခေါင်က ဌာနခွဲစာရေးကြီး ဦးမောင်လှဖြူထံ ကျောင်းသုံးစာအုပ်များနှင့် ပညာသင် ထောက်ပံ့ငွေကျပ် ၅၇၄၀၀၀ ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်တန်းတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သည့် ဝန်ထမ်း၏ သမီး မခိုင်နေဝင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၅၀၀၀၀ ပေးအပ် ချီးမြှင့်သည်။

(ဝဲပုံ) (၁၁၃)

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နှစ်နိုင်ငံ အားကစားပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေးခဲ့

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ဦးဆောင်သော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီကိုယ်စားလှယ်အဖွဲ့သည် (၁၄)ကြိမ်မြောက် အင်ချွန် အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာလီယွန်တက်၏ ဖိတ်ကြားချက်အရ ဇွန်၂၈ရက်မှ ဇူလိုင်၂ရက်အထိ ကိုရီးယားသမ္မတနိုင်ငံသို့ အားကစားချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ကြည့်ရှုအားပေး

ဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၉ရက်တွင် အင်ချွန်မြို့ရှိ မွန်ဟက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအားကစားကွင်း Munhak World Cup Stadium သို့ သွားရောက်ပြီး (၁၄)ကြိမ်မြောက် အင်ချွန် အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာလီယွန်တက်နှင့် တာဝန်ရှိသူများအားတွေ့ဆုံကာ **(အပေါ်ပုံ)** နှစ်နိုင်ငံအားကစားပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့သည်။ ထိုသို့ ဆွေးနွေးရာတွင် ၂၀၁၃ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၄ခုနှစ် အင်ချွန် အာရှအားကစားပြိုင်ပွဲများတွင် ပိုမိုအဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရရှိရေး မြန်မာမြားပစ်နှင့် တိုက်ကွမ်ဒို အားကစားနည်းများအတွက် အဆင့်မြင့်နည်းပြများရရှိရေး၊ ပူးတွဲလေ့ကျင့်မှုပြုလုပ်ရေးတို့ကို ထည့်သွင်းဆွေးနွေးသည်။ ထို့နောက် အားကစားကွင်းအတွင်းရှိ ကိုရီးယားလူငယ်အားကစားသမားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

အားပေးစကားပြောကြား

ယင်းနောက် ဝန်ကြီးသည် အင်ချွန်မြို့တော်ခန်းမတွင် ခေတ္တမြို့တော်ဝန်နှင့်တွေ့ဆုံ၍ အားကစားကဏ္ဍဆိုင်ရာ ကိစ္စရပ်များ တွေ့ဆုံဆွေးနွေးခဲ့ပြီး ကိုရီးယားနိုင်ငံ အင်ချွန်မြို့တွင်ရောက်ရှိ၍ ပူးတွဲလေ့ကျင့်မှုများ ဆောင်ရွက်နေသော မြန်မာ တိုက်ကွမ်ဒို အားကစားသမားများအား သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားခဲ့သည်။

တွေ့ဆုံ

ဝန်ကြီးသည် ဇွန် ၃၀ရက်၌ ဝမ်ဂျူးမြို့ မွန်မက် အားကစားခန်းမ၌ ပူးတွဲလေ့ကျင့်ရန် ရောက်ရှိနေသော မြန်မာမြားပစ်အားကစားအဖွဲ့ဝင် ၂၀အား သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဆိုးလ်မြို့ရှိ ကိုရီးယားယဉ်ကျေးမှု အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာယူအင်ချွန်နှင့် တွေ့ဆုံကာ နှစ်နိုင်ငံ အားကစား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ခန်းမသို့ သွားရောက်ကာ အမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့သည်။

ဆွေးနွေး

ဝန်ကြီးသည် ဇူလိုင် ၁ရက်တွင် IAGOC ဥက္ကဋ္ဌ ဒေါက်တာလီယွန်တက်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးဟောင်း Mr.Park Kee Jung, Daewoo Co.,Ltd. ဒုတိယဥက္ကဋ္ဌတို့နှင့် တွေ့ဆုံပြီး မြန်မာအားကစား တိုးတက်မြင့်မားရေးကိစ္စရပ်များ ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အိုလံပစ်ပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် အဓိကပံ့ပိုးကူညီသူ Sponsor အဖြစ် ဆောင်ရွက်ပေးနေသည့် Sumsung Electronics ရုံးချုပ်သို့ သွားရောက်ကာ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

(အား/ကာ ဦးစီးဌာန)

မကွေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီစည်းဝေး

နတ်မောက် ဇူလိုင် ၃

မကွေးတိုင်းစိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီအစည်းအဝေးကို ဇွန် ၂၇ရက် နံနက် ၁၀နာရီက နတ်မောက်မြို့ ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ခေါင်းဆောင် ဦးတင့်လွင် (တိုင်းစိုက်ပျိုးရေးမန်နေဂျာ)နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းမြေစာရင်းဦးစီးမှူး ဦးအောင်ဝင်း၊ တိုင်းဆည်မြောင်းဦးစီးမှူး၊ တိုင်းရေအရင်းအမြစ်အသုံးချရေး ဦးစီးမှူးနှင့် တိုင်းဝါလုပ်ငန်းမန်နေဂျာတို့သည် မကွေးခရိုင် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီ အဖွဲ့ဝင်များ၊ နတ်မောက်မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဆည်ရေသောက်ဧရိယာအတွင်း မိုးစပါး မစိုက်ပျိုးမီ ပဲတီစိမ်း သီးနှံစိုက်ပျိုးရန်နှင့် မိုးသီးနှံများ စီမံကိန်းလျာထားချက် ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးနှင့် မိုးကောင်းသောက် လယ်မြေများ ထယ်ရေးပြင်ဆင်ထားရန် ဆွေးနွေးမှာကြားသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ

➤ အာကာဟိန်း - စုစည်းသည် ➤

အံ့ဩစရာကောင်းသည့် ဆုံးဖြတ်ချက်များ ဒိုင်လူကြီးပြုလုပ်ဟုဆို

ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘရာဇီးနှင့် နယ်သာလန်တို့ပွဲတွင် ကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်အချို့ကို မိမိ နားမလည်ကြောင်း၊ အံ့ဩစရာကောင်းကြောင်း၊ မိမိမခံစားနိုင်အောင်ဖြစ်ရကြောင်း ဘရာဇီးနည်းပြ ဒွန်ဂါက ပြောကြားသည်။

သင်ခန်းစာတစ်ရပ်ဖြစ်ကြောင်း စပိန်နည်းပြ ပြောကြား

ဘရာဇီးအသင်းကို နယ်သာလန်တို့က အနိုင်ကစားသွားသည့်ဖြစ်ရပ်မှာ မိမိလုံးဝမမျှော်လင့်ထားသည့် ကိစ္စဖြစ်ကြောင်း၊ သင်ခန်းစာအဖြစ် မှတ်ယူရမည့်ပွဲဖြစ်ကြောင်း စပိန်နည်းပြ ဘော့စကွီက ဇူလိုင် ၃ရက်၌ ပြောကြားသည်။

ရာသီဥတုပူပြင်းကြောင်း အင်္ဂလန်နည်းပြပြောကြား

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ ထွက်ခဲ့ရသော အင်္ဂလန်အသင်းသည် တောင်အာဖရိက၏ ရာသီဥတုပူပြင်းမှုကိုလည်း ခံစားခဲ့ရသည်မှာ အချက်တစ်ချက်ဖြစ်ကြောင်း အင်္ဂလန်နည်းပြ ကာပယ်လိုက ဇူလိုင် ၃ရက်၌ ပြောကြားသည်။

နှစ် ၄၀အတွင်း မှတ်တမ်းသစ်တင်နိုင်ဟုဆို

ဥရုဂွေးအသင်းသည် ဂါနာကို အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းမှာ နှစ်၄၀အတွင်း ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းသစ် ရေးထိုးနိုင်ခြင်းဖြစ်ကြောင်း ဥရုဂွေးတိုက်စစ်မှူး ဖော်လန်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ဇူလိုင် ၃ရက်၌ ပြောကြားသည်။

မမျှော်လင့်သောဖြစ်ရပ်ဟု ဂါနာတိုက်စစ်မှူး ပြောကြား

ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဥရုဂွေးနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲ၌ ပယ်နယ်တီ လွဲချော်ရမှုမှာ မမျှော်လင့်သော ကြုံတွေ့မှုဖြစ်ပြီး ပြင်ဆင်မှု အသင့်ဖြစ်မနေခဲ့ကြောင်း ဂါနာတိုက်စစ်မှူး ဂျီယန်က ဇူလိုင် ၃ရက်၌ ပြောကြားသည်။

အကြိုဗိုလ်လုပွဲ၌ အာဖရိကမီဒီယာသမား ၅၀၀ ကြည့်ရှုမည်

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပွဲ အကြိုဗိုလ်လုပွဲတွင် အာဖရိကမှ မီဒီယာသမား ၅၀၀ကို ကြည့်ရှုနိုင်ရန် အမ်တီအင်မီဒီယာအုပ်စုမှ စပွန်ဆာပေးထားကြောင်း အာဖရိကဘောလုံးအဖွဲ့ချုပ်က ဇူလိုင် ၃ရက်၌ သတင်းထုတ်ပြန်သည်။

အာဖရိကအသင်းများ အကြိုဗိုလ်လုပွဲရောက်သင့်

အာဖရိကတိုက်၌ ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အာဖရိကအသင်းများ အနည်းဆုံး အကြိုဗိုလ်လုပွဲတက်ရောက်သင့်ကြောင်း အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာက ဇူလိုင် ၃ရက်၌ ပြောကြားသည်။

ဂါနာအနိုင်ရခဲ့သည်ဟု ခံစားမိကြောင်း နည်းပြပြောကြား

မိမိတို့အသင်း ပယ်နယ်တီအဆုံးအဖြတ်ယူခဲ့ရပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသော်လည်း မိမိတို့ အနိုင်ရရှိခဲ့သည်ဟု စိတ်ထဲခံစားမိကြောင်း ဂါနာနည်းပြ ရာဂျီဗက်က ဇူလိုင်၃ရက်၌ သတင်းထောက်များအား ပြောကြားသည်။

(အင်တာနက်)

မြန်မာအမျိုးသမီးများနေ့ သစ်ပင်စိုက်ပျိုး

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲကို ဇွန်၂၆ရက်က ပြည်ထောင်စု-ဖွဲ့ကပင်လမ်း၌ ကျင်းပစဉ်။

(ပြည်နယ် ပြန်/ဆက်)

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၃)တွင် မူးယစ်ဆေးဝါး၊ စိတ်ပြောင်းဆေးဝါးများအန္တရာယ်နှင့် အိမ်သုံးဆေးဝါးပစ္စည်းများကို မူးယစ်ဆေးဝါးအသွင် အလွဲအသုံးပြုမှားခြင်း၏ အန္တရာယ်ဆိုးကျိုးများ အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၉ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်(အနောက်) မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မျိုးကြည် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများကို ဟောပြောစဉ်။

(မြန်မာ့အလင်း)

ကျောက်ချောခင်း

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် မြို့ပြလမ်း ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သော မြင်းခြံမြို့ အမှတ်(၁) တိုးချဲ့ရပ်ကွက်ရှိ အောင်ဇေယျ(၄) လမ်းအား ကျောက်ချောခင်းခြင်းကို ဇွန် ၁၆ရက်က အမှုဆောင်အရာရှိ ဦးအေးမြင့်၊ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်ဝေဝေလွင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပျိုးပင်ပေးအပ်

ဇွန် ၂၆ရက်က လမ်းမတော်ဘူတာရုံ သံလမ်းဘေး၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ဦးအား ပျိုးပင်ပေးအပ်စဉ်။ (၁၀၆)

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

အလက်ဇန္ဒာ ဒါးလက်ဘာချေး

၁၉-၇-၁၈၀၆ - ၁၇-၂-၁၈၆၇

တိုး-ရေးသားသည်

အ မေရိ ကန် အမျိုးသား အကယ် ဒမီ သိပ္ပံကျောင်း၏ ပထမဆုံး ကျောင်း အုပ်ကြီး အလက် ဇန္ဒာဒါးလက်ဘာချေး။

အမေရိကန်သိပ္ပံပညာရှင် အလက်ဇန္ဒာဒါးလက်ဘာချေးသည် အမျိုးသား အကယ်ဒမီ သိပ္ပံကျောင်း၏ ပထမဆုံးကျောင်းအုပ်ကြီးဖြစ်သည်။ သူသည် အမြော်အမြင်ရှိသော နိုင်ငံရေးခေါင်းဆောင်၊ သိပ္ပံပညာရှင်၊ တီထွင်သူနှင့် စာရေးဆရာ ဘင်ဂျမင်ဖရင်ကလင်၏ မြေးဖြစ်သည်။ ၁၈၀၆ခုနှစ် ဇူလိုင် ၁၉ရက်တွင် ဖီလာဒဲဖီးယား၌ မွေးဖွားလာသူဖြစ်သည်။

လက်ထပ်

သူသည် အသက် ၁၅နှစ်အရွယ်တွင် အမေရိကန် ဝက်စ်ပွိုင်းစစ်တက္ကသိုလ်သို့ ဝင်ရောက်ခဲ့ပြီး ၁၈၂၅ခုနှစ် ဇူလိုင် ၁ရက်တွင် အမှတ် ကောင်းကောင်းဖြင့် သင်တန်းပြီးခဲ့သည်။ အတန်းထဲတွင် သူသည် အသက်အငယ်ဆုံး ဖြစ်သည်။ လက်ထောက်အင်ဂျင်နီယာ အဖြစ် တစ်နှစ်ခန့် တာဝန်ထမ်းဆောင်သည်။ နောက်နှစ်နှစ်တွင် ရုတ်အိုင်လင်၊ နယူးပို့၌ စစ်အင်ဂျင်နီယာ(ဆောက်လုပ်ရေး)အဖြစ် ဆောင်ရွက်သည်။ ထိုစဉ် နန်စီကလပ် ဖောင်းလားနှင့်တွေ့ဆုံပြီး ၁၈၂၈ခုနှစ်တွင် သူတို့နှစ်ဦး လက်ထပ်လိုက်ကြသည်။ ထိုနှစ်၌ပင် သူသည် တပ်မတော်မှထွက်ခဲ့သည်။

ပင်ဆယ်ဗေးနီးယားတက္ကသိုလ် ဓာတုဗေဒဌာနတွင် ပါမောက္ခအဖြစ် ရာထူး ယူလိုက်သည်။ ဖရင်ကလင် စက်ပြင်အတတ်ပညာသိပ္ပံအဖွဲ့ဝင်နှင့် ပင်ဆယ်ဗေးနီးယားရှိ အမေရိကန်ဒဿနိကဗေဒအသင်းဝင်အဖြစ် သူသည် မှတ်သားဖွယ် သိပ္ပံသုတေသန လေ့လာမှု အများအပြားပြုလုပ်ခဲ့သည်။

များစွာသြဇာရှိ

ဖီလာဒဲဖီးယားကုန်သည်ကြီး စတီဖင်ဂီရတ်၏ ရန်ပုံငွေဖြင့် အသစ်ဖွင့်လှစ်လိုက်သည့် ဆင်းရဲနွမ်းပါးသော လူဖြူမိဘမဲ့ ယောကျ်ားလေးများ ကောလိပ်၏ ဥက္ကဋ္ဌရာထူးကို သူယူလိုက်သောအခါ ပိုမိုကျယ်ပြန့်သော ပညာရေးပြဿနာများတွင် စိတ်ဝင်စားလာသည့်အလျောက် ၁၈၃၆ခုနှစ်တွင် သူ့လုပ်ငန်း၌ အချိန်ပြည့် နှစ်မြှုပ်ထားလိုက်သည်။ ယင်းကောလိပ် ဥက္ကဋ္ဌ၏ ပထမဦးစားပေးလုပ်ငန်းအဖြစ် သူ့ပခုံးပေါ် ကျရောက်လာသည့် တာဝန်မှာ ထိုသို့သော ဥရောပမိဘမဲ့ကလေးကျောင်းများ မည်သို့ဖွဲ့စည်း ထူထောင်ရပ်တည်နေသည်ကို လေ့လာရန်ဖြစ်သည်။ သူသည် ဥရောပနိုင်ငံများသို့ ခရီးဆန့်ခဲ့သည်။ ယင်းကျောင်းမျိုး ၂၇၈ကျောင်းကို ၂၆လကြာ ကွင်းဆင်းလေ့လာပြီးနောက် ဥရောပ ပညာရေး(၁၈၃၉)ဟူသော အစီရင်ခံစာကိုပြုစုသည်။ အထွေထွေပညာရေးနှင့် မိဘမဲ့ ကလေးများ၏ ပညာရေးစနစ်များကို စနစ်တကျဆန်းစစ်ရေးသားသည့်အပြင် အမေရိကန် ပညာရေးစနစ်နှင့် နှိုင်းယှဉ်သုံးသပ်ပြထားသည့်အတွက် ၄င်း၏ အစီရင်ခံစာမှာ များစွာသြဇာရှိခဲ့သည်။

ပြဋ္ဌာန်းပေး

ခက်သည်က စတီဖင်ဂီရတ်ကောလိပ်ထူထောင်ရေးအတွက် သူဆည်းပူးရရှိခဲ့သော ပညာရေးဆိုင်ရာ အသိပညာကို ဖီလာဒဲဖီးယားမြို့၏ ပြည်သူ့ပညာရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသုံးချခြင်းဖြစ်သည်။ ဖီလာဒဲဖီးယားမြို့၌ လောလောဆယ်ဖွင့်လှစ်မည့်ကောလိပ်မှာ ငွေရေးကြေးရေး၊ နိုင်ငံရေးပြဿနာများကြောင့် ကြန့်ကြာနေရစဉ်တွင် ဗဟိုအဆင့်မြင့်ကျောင်းဖွင့်လှစ်ရေးအတွက် ကူညီပါရစေဟု သူကကမ်းလှမ်းလိုက်သည်။ သို့ဖြင့် သူသည် ၁၈၃၉ခုနှစ်တွင် ထိုကျောင်း၏ ပထမဆုံးဥက္ကဋ္ဌ ဖြစ်လာသည်။ သူသည် ပရပ်ရှားပညာရေးစနစ်၏ မူများအတိုင်း သိပ္ပံပညာကို ဦးစားပေးသည့် သင်ရိုးညွှန်းတမ်းကို ပြဋ္ဌာန်းပေးသည်။

ထမ်းရွက်

ပြည်သူ့ပညာရေးလုပ်ငန်း၌ နှစ်ပေါင်းများစွာ လုပ်ကိုင်စဉ် သူသည် သိပ္ပံရေးရာ လေ့လာမှုများကို ဆက်လက်ပြုလုပ်သည်။ ၁၈၄၃ ခုနှစ်တွင် အမေရိကန်ကမ်းခြေတိုင်းတာရေး၌ ကြီးကြပ်ရေးတာဝန်ယူရန် သူ့ကိုအမေရိကန်သမ္မတတေလာက ခန့်အပ်လိုက်သည်။ ထိုတာဝန်ကို သက်ဆုံးတိုင် ထမ်းရွက်ခဲ့သည်။

ကွယ်လွန်

သိပ္ပံရေးရာဆောင်ရွက်ချက်များ တိုးချဲ့အကောင်အထည်ဖော်ရန် သူကညွှန်ကြားသည်။ အမေရိကန်နိုင်ငံ အမျိုးသားအကယ်ဒမီသိပ္ပံ ထူထောင်ရေးတွင် သူသည်သြဇာတိက္ကမကြီးမားသူ ဖြစ်သည့်အားလျော်စွာ အမျိုးသားအကယ်ဒမီသိပ္ပံ၏ ပထမဆုံးဥက္ကဋ္ဌ (၁၈၆၃-၁၈၆၇)အဖြစ် တာဝန်ယူခဲ့သည်။ သူသည် နာတာရှည်ရောဂါခံစားရပြီးနောက် ၁၈၆၇ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် နယူးပို့၌ ကွယ်လွန်ခဲ့ရှာသည်။

(အင်တာနက်)

သိပ္ပံရေးရာဆောင်ရွက်ချက်များ တိုးချဲ့အကောင်အထည်ဖော်ရန် သူကညွှန်ကြားသည်။ အမေရိကန်နိုင်ငံ အမျိုးသားအကယ်ဒမီသိပ္ပံ ထူထောင်ရေးတွင် သူသည် သြဇာတိက္ကမကြီးမားသူ ဖြစ်သည့်အားလျော်စွာ အမျိုးသားအကယ်ဒမီသိပ္ပံ၏ ပထမဆုံးဥက္ကဋ္ဌ(၁၈၆၃-၁၈၆၇)အဖြစ် တာဝန်ယူသည်။

ဘဝဒဿန

✱ **Failure is not a disgrace if you have sincerely done your best.**

- အကယ်၍သင်သည် ရိုးသားဖြူစင်စွာဖြင့် အကောင်းဆုံးဆောင်ရွက်ခဲ့သည် ဆိုပါက မအောင်မြင်မှုသည် အရှက်ရစရာ မဟုတ်ပါချေ။

✱ **If you have no major purpose, you are drifting toward certain failure.**

- အကယ်၍ သင့်ထံ၌ အဓိကကျသော ဦးတည်ချက်မဲ့နေလျှင် ကျရှုံးမှုဆီသို့ ဦးတည်မျောပါနေမည်မှာ သေချာ။

✱ **Don't temporize with fear, just go ahead and kill it.**

- ကြောက်စိတ်ကြောင့် အချိန်ဆွဲမနေပါနှင့်၊ ရှေ့သို့ ခြေလှမ်းတိုးပြီး ကြောက်စိတ်ကို ဖျက်ဆီးပစ်လိုက်ပါ။

(ဘားနတ်ရှော)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး ချစ်စိုးနိုင်နှင့် တင်မာဝင်း

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား



ကမ္ဘာ့ကုန်ကျစရိတ်အများဆုံးအဆောက်အအုံ

တရုတ်နိုင်ငံ ဟောင်ကောင်တွင် တည်ဆောက်ထားသော တရုတ်ဘဏ်တာဝါ အဆောက်အအုံဖြစ်သည်။ ၁၉၈၉ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ခုနှစ်၌ ပြီးစီးခဲ့ရာ အထပ်ပေါင်း ၇၂ ထပ်ရှိပြီး အမြင့်မှာ ၁၂၀၉ပေရှိသည်။ ယင်းတာဝါအဆောက်အအုံ၏ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့်ရှိသဖြင့် ကမ္ဘာ့ကုန်ကျစရိတ် အများဆုံး အဆောက်အအုံအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အပေါ်ပုံ) (အင်တာနက်)

ကမ္ဘာ့တန်ဖိုးအမြင့်ဆုံး အလှမယ်သရဖူ

ရုရှားအလှမယ်များအတွက် ၁၉၉၃ ခုနှစ်က စတင်ပြုလုပ်အသုံးပြုခဲ့သည့် သရဖူဖြစ်သည်။ ရုရှားအလှမယ်ဘွဲ့ရသူများ၊ ရုရှားနိုင်ငံမှ ကမ္ဘာ့အလှမယ်ဘွဲ့ရသူများနှင့်ကမ္ဘာ့အလှမယ်ပြိုင်ပွဲအထိ တက်ရောက်ဆင်နွဲခွင့်ရသူများအား ဦးခေါင်း၌ အလှဆင်ပေးသည့် သရဖူဖြစ်သည်။ စိန် ၂၃၅၈ပွင့်နှင့် ရွှားပါးပြီး အရည်အသွေးကောင်းသော ပုလဲ ၁၄လုံး ထည့်သွင်းပြုလုပ်ထားရာ ယင်းသရဖူ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်သန်းကျော် ဖြစ်သဖြင့် ကမ္ဘာ့တန်ဖိုးအမြင့်ဆုံး အလှမယ်သရဖူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အောက်ပုံ) (အင်တာနက်)



ကမ္ဘာ့ဈေးအကြီးဆုံး လေယာဉ်

အမေရိကန်နိုင်ငံ လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုမှ ထုတ်လုပ်ထားသော ဘီ-၂စပီရစ်လေယာဉ် ဖြစ်သည်။ လင်းနို့တစ်ကောင်၏ ဒီဇိုင်းပုံစံနှင့် ဆင်တူအောင် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး ဗုံးကြဲလေယာဉ်အမျိုးအစားဖြစ်သည်။ ရေဒါများဖမ်းယူခြင်းမှ လွတ်ကင်းနိုင်သည့်စနစ်များပါရှိပြီး ဝေဟင်ထက် အမြင့်ဆုံးအထိ ပျံသန်းနိုင်ပြီး မြေပြင်အနီးအနိမ့်ဆုံးအနေအထား၌လည်း ပျံသန်းနိုင်သည်။ ယင်းလေယာဉ်၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ဒသမ ၂ဘီလီယံခန့်ရှိသဖြင့် ကမ္ဘာပေါ်၌ ဈေးအကြီးဆုံး လေယာဉ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြသည်။ (အပေါ်ပုံ) (အင်တာနက်)

4-7 (15).pmd 1 7/4/2010, 2:51 AM

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်ဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်

တာချီလိတ် ဇွန် ၂၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌဖလား လေးခရိုင် ဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို တာချီလိတ်မြို့ မိုးလုံလေလုံအားကစားခန်းမ၌ ဇွန် ၂၈ရက် ညနေ ၃ နာရီက ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်စိုး၊ ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ဆုများချီးမြှင့်

အစီအစဉ်အရ ဗိုလ်လုပွဲအဖြစ် တာချီလိတ်ခရိုင်အသင်းနှင့် ကျိုင်းတုံခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တာချီလိတ် ခရိုင်အသင်းက အမှတ် ၉၀-၄၂မှတ်ဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဦးသန်းဌေးက တတိယရရှိသော တာချီလိတ်(ဃ) အသင်းအားလည်းကောင်း၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွေးက ဒုတိယရရှိသော ကျိုင်းတုံခရိုင်အသင်းအား လည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက ပထမရရှိသော တာချီလိတ်ခရိုင် အသင်းတို့အားလည်းကောင်း တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ချီးမြှင့်ပေးအပ်

ဆက်လက်ပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ ကိုယ်စား ဗိုလ်မှူးကြီး ခင်မောင်စိုးက ပထမရရှိသော တာချီလိတ်ခရိုင်အသင်းအား ဆုဖလားချီးမြှင့် ပေးအပ်သည်။ **(အပေါ်ယာပုံ) (ခရိုင် ပြန်/ဆက်)**

သောက်သုံးရေရယူသုံးစွဲ

ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ပင်းတယမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အတူ မြို့လယ် ပုန်းတလုတ်ရေကန်အနီး ရေတွင်းများမှ သောက်သုံးရေ ရယူသုံးစွဲနေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ကျောက်ဆည်မြို့နယ် အထက (၃)၌ကျင်းပ

ကျောက်ဆည် ဇွန် ၂၅

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင် ခရိုင်အဆင့် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲကို ဇွန် ၁၂ရက် နံနက် ၉နာရီက အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပရာ ကျောက်ဆည်ခရိုင် ပညာရေးမှူး ဦးချစ်ညိုက အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ဆွေးနွေးပို့ချ

ထို့နောက် ပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ ညောင်ဦးမြို့နယ် ပညာရေးမှူး ဦးသန်းမြင့်ဦးက ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး၊ ခေတ်မီဆက်သွယ်ပို့ချမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်ကြားမှု၊ သင်ယူမှုအခွင့်အလမ်းများ ပိုမိုတိုးတက်စေရေးကို ဆွေးနွေးပို့ချခဲ့သည်။

လုပ်ငန်းစီမံချက်

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်က မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခြေခံပညာ ဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်ရေး၊ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်များကို ဆွေးနွေးပို့ချသည်။

အဆိုပါ အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲသို့ ကျောက်ဆည်မြို့နယ်မှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းအုပ်ကြီးများ၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်နှင့် တံတားဦးမြို့နယ်တို့မှ ဆရာ ဆရာမများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

သာစည်မြို့နယ် တော်ကင်းကျေးရွာ အလင်းရောင်စာကြည့်တိုက် တည်ဆောက်

သာစည် ဇွန် ၂၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်မှ ဦးစီးအရာရှိ ဦးမောင်မောင်သည် မေ ၈ရက် နံနက်က သာစည်မြို့နယ် တော်ကင်းကျေးရွာအုပ်စု တော်ကင်းကျေးရွာသို့ သွားရောက်၍ အလင်းရောင်စာကြည့်တိုက် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုသို့စစ်ဆေးရာတွင် ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးညီလှနှင့် စာကြည့်တိုက်ဆောက်လုပ်ရေး ကော်မတီတို့က စာကြည့်တိုက် တည်ဆောက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဦးစီးအရာရှိ ဦးမောင်မောင်က စာကြည့်တိုက်ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရန်နှင့် ကျေးရွာလူငယ်များ စာပေလေ့လာဖတ်ရှုနိုင်အောင် စည်းရုံးကြရန်၊ အလှူခံ၍ သုတရသ စာအုပ်များနှင့် ဂျာနယ်များကို စုဆောင်းကြရန် တိုက်တွန်းပြောကြားသည်။

တည်ဆောက်

အဆိုပါ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံမှာ အလျား ၂၅ ပေ၊ အနံ ၁၇ပေ၊ အမြင့် ၁၂ပေရှိပြီး ကျေးရွာပြည်သူများ၏ ကိုယ့်အားကိုယ်ကိုးဖြင့် ငွေကျပ် ၁၉သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ရေမြောင်းများရှင်းလင်း

မကွေးခရိုင် နတ်မောက်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေး ပတ်လည်ရှိ ရေမြောင်းများ ရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ မြစ်ကြီးနားမြို့တော်ခန်းမ၌ ကျင်းပ

မြစ်ကြီးနား ဇွန် ၂၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၁၀နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

အခမ်းအနားတွင် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာ ရုံး UNODCမှ ချမှတ်ပေးလိုက်သော ၂၀၁၀ ခုနှစ် ဆောင်ပုဒ်ဖြစ်သည့် "ကျန်းမာပျော်ရွှင် နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့" ဆောင်ပုဒ်ကို မြစ်ကြီးနား မူးယစ်ဆေးစွဲရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာ ဌေးအောင်ကလည်းကောင်း၊ မူးယစ်ဆေးဝါး စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ ရောင်းဝယ်ခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့နှင့် ပတ်သက်သော ပြစ်မှုများနှင့် ပြစ်ဒဏ်များအကြောင်းကို ဒုတိယ ပြည်နယ်ဥပဒေအရာရှိ ဦးသိန်းကြိုင်ကလည်းကောင်း၊ ယနေ့ကျောင်းသားလူငယ်များနှင့် မူးယစ်ဆေးဝါးအကြောင်းကို မူးယစ်(အထူး)အဖွဲ့မှ ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူး ဒေါ်ဇင်ဇဒါးလ်က လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

(၀၀၃)

မြို့နယ်သတင်းထွေထွေ

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြကန်သာပန်းခြံအတွင်း ရေပန်းကြီး ဆောင်ရွက်ထားရှိမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဒေါ်အေးအေးဝင့်က ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူးဦးဇော်မျိုးထွေးက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မီး သတိပြု

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

သံတောင်ကြီးမြို့နယ်အတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇွန် ၁၆ရက်က အမှတ်(၂)ရပ်ကွက် ဗဟိုလမ်း လမ်းဘေးဝဲယာ ရေနုတ်မြောင်းတူးဖော်ခြင်းကို စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသီဟမောင်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်လင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

နှောင်ခို-ကုန်းခါး-မင်းလှ ကျေးရွာချင်းဆက် သစ်သားတံတား တည်ဆောက်

ဖန်းမော် ဇွန် ၂၇

ဖန်းမော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ဆောင်ရွက်လျက်ရှိသော နှောင်ခို-ကုန်းခါး- မင်းလှ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတား (၁၂×၁၅×၉၀)ပေ တည်ဆောက်ခြင်း လုပ်ငန်းကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဇွန် ၁၆ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးလှိုင်အေးက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်း တင်ပြသည်။

(ခရိုင် ပြန်/ဆက်)

စစ်တွေမြို့ မြို့မဈေး၊ မေယုဈေးနှင့် စက်ရုံစုဈေးများကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ဇွန် ၁၂ ရက်က စစ်ဆေးရာ ဈေးတွင်းမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးဦးရွှေမောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နေပြည်တော်နှင့် ရှမ်းပြည်နယ် ဆက်သွယ်ထားသည့် ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)အပိုင်း ဖွင့်ပွဲကျင်းပ

ပင်လောင်းမှ နေပြည်တော်ပျဉ်းမနားသို့ ယခင်ကထက် မော်တော်ယာဉ်မောင်းချိန် သုံးနာရီသက်သာ

ဒေသဖွံ့ဖြိုးမှုအတွက် အခြေခံကောင်းတစ်ခုဖြစ်၍ ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် တပ်ကုန်း ပျဉ်းမနား - ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)အပိုင်း ၂၀မိုင် ၃ဖာလုံ ကတ္တရာလမ်းသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ နေပြည်တော်တပ်ကုန်းမြို့နယ် ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့)အပိုင်း ၂၀မိုင် ၃ဖာလုံ ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါလမ်း မိုင်တိုင်အမှတ်(၀/၁) ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၃၀၀၀ ကျော် တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃-၇-၂၀၁၀

လှိုင်လင်မြို့
၂ ဒသမ ၁၅လက်မ

ညောင်တုန်းမြို့
၂ ဒသမ ၁၅လက်မ

ကိုကိုးကျွန်း
၁ ဒသမ ၈၅လက်မ

မြစ်ကြီးနားမြို့
၁ ဒသမ ၈၁လက်မ